# ဒိုမိနိုယံ အန္တရာယ်

ရေးသူ-သခင်စိုး။

၁၉၄၆—ခု

အာကာသစ်၊ ဖြန့်ချီရေးဌာန။
အမှတ်(၁၁) မင်္ဂလာလမ်း၊ စမ်းချောင်း၊
ရန်ကုန်မြို့။

# တိုင်တည်ချက်။

"နှစ်ပေါင်းအတော်ကြာအောင် ပင်ပမ်းတကြီး တွေးတောပြီး မှ-အမှန်ကိုတွေ့မြင်သူသည် လူထုများ၏ခေါင်းဆောင်မဟုတ်ပေ။ "အနာ့ရှာယ်"ကို ပဋိသန္ဓေတည့်စကပင် သိမြင်ကာ၊ အလုပ်သမားများအားလည်း ဆိုက်ရောက်လာမည့်ဘေးကို ကြိုတင်သတိပေးနိုင်သူသည်သာလျှင် ခေါင်းဆောင်မည်ပေသည်" (လီနင်)

ဤကား ပစ္စည်းမဲ့ခေါင်းဆောင်နှင့် ပါတ်သက်သည့် လီနင်၏သတိပေးချက်ပေတည်း။

"လူထုများအတွက် ဝါဒဖြန့်ချီရုံ-လှုံ့ဆော်ရုံဖြင့် မလုံလောက်သေး။ လူထုကိုယ်တိုင် နိုင်ငံရေးအတွေ့အကြုံရရှိပြီးမှသာ—သဘောပေါက်လာကြမည်" (လီနင်)

ဤကားနောက်လိုက်လူထုများနှင့်ပါတ်သက်သည့် လီနင်၏ထင်မြင်ချက်ပေတည်း။

အကြမ်းဘက်နေသည့် ခေနရှင်လူတန်းစားနှင့် စေ့စပ်ခြင်း၊ လျှော့ပေးခြင်းတို့ကိုရှေ့နေလုပ်ခဲ့သည့် ဆိုရှယ်လစ်ဒီမိုကရက်ခေါ် ဂျာမန်အဲချောင်သမားများ၏ပယောဂကြောင့် ဂျာမဏီပြည်တွင်ဖက်စစ်အောင်ပွဲဆင်ခဲ့သည်။ ဂျာမဏီပြည်နှင့်တကမ္ဘာလုံးကိုလည်း သွေးချောင်းစီးစေ-အရိုးတောင်လိုပုံခဲ့စေပြီ။

နောင်တွင် ဗမာပြည်၌နိုင်ငံခြားနယ်ချဲ့သမားများ၊ အချောင်သမားများနှင့်ပြည်တွင်းဖေါက်ပြန်ရေးသမားတို့ပူးပေါင်းကာ၊ လူထုများအားအကြီးအကျယ် ဘိနှိပ်ချုပ်ချယ်သည့်ကိစ္စကြီးဆိုက်ရောက်လာရန် တိတ်နိမိတ်တွေ့ပေါ်နေပြီ၊ (ရခိုင်ပြည်နှင့် ထားဝယ်ကိစ္စ ဗမာပြည်အရပ်ရပ်တွင်ဘိနှိပ်မှုတွေ့ပေါ်နေခြင်း၊ လယ်ပိုင်ရှင်များ၏အကြမ်းဘက်မှုများ) အကယ်၍ ဤကိစ္စကြီးပေါ်လာလျှင်——

အချောင်သမားဝါဒ "အနာ့ရှာယ်" ကို ကြိုတင် သတိပေးပါလျက် အချောင်သမားများနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားပြီးလျှင် အချောင်သမား၏ သစ္စာဖေါက်မှုကိုလည်း ယခုထက်တိုင် ဆက်လက်အားပေးနေသည့် ဗဟိုရ်ကော်မီတီ ၁၇ ဦးအပေါ်တွင် ဤပြစ်ချက်ကြီးတည်စေရမည်။

ဤအချက်နှင့်ပတ်သက်၍ ကြိုတင်သတိမပေးကောင်းလားဟု ပြည်သူတို့က နောင်အပြစ်မပြောနိုင်အောင် တိုင်းပြည်အားလည်း ယခုကပင် ကြိုတင်၍ လေးနက်စွာ တိုင်တည်လိုက်သည်။

သခင်စိုး။

# စကားချီး။

မြို့တီသျှနယ်ချဲ့စနစ်၏သြဇာခံဖြစ်သောအချောင်သမား သဘောတရားကို တိုက်ဖျက်ခြင်းသည် တော်လှန်ရေးသဘောတရားတရပ်ကို ဖန်တီးခြင်းမည်ပေသည်။ အမှန်စင်စစ်အားဖြင့် လီနင်ဝါဒခေါ်သော တော်လှန်ရေးသဘောတရားသည်။ အစမှအဆုံးတိုင်အောင်အချောင်သမားဝါဒကို တိုက်ဖျက်သော သဘောတရား ဖြစ်ပေသည်။

တော်လှန်ရေးသဘောတရားတရပ်မရှိဘဲတော်လှန်ရေးလုပ်ငန်းမရှိနိုင်ဟုလီနင်ကဆိုထားလေရာ အချောင်သမားဝါဒကို နိုင်အောင် အလျှင်တိုက်ပြီးမှ နယ်ချဲ့စနစ်ကို တွန်းလှန်ဖြိုဖျက်သော လွတ်လပ်ရေးတိုက်ပွဲကိုဆင်နွှဲနိုင်မည်။

အချောင်သမားဝါဒကိုနိုင်အောင် အလျှင်ကြိုတင်၍မတိုက်ဘဲ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲနိုင်မည်ဟုအထင်ရှိသောသူသည် ကုလို့မရအောင် စိတ်ကူးယဉ်နေသောသူသာဖြစ်ရမည်။

ထို့ကြောင့် အချောင်သမားဝါဒကို အနိုင်မခံအရှုံးမပေးဘဲတိုက်ခိုက်ရင်း အချောင်သမားများနှင့်တပါတီထည်း၌ ညီညွတ်ရေး ရနိုင်သည်ဟု ရှေ့နေ လုပ်သောသူသည် နယ်ချဲ့သမား၏သူလျှိုအလုပ်ကို စိတ်ရောကိုယ်ပါလုပ်နေသောသူသော်လည်း ဖြစ်တန်ရာသည်။ သို့မဟုတ်အရှုးထောင်မှလွတ်ထွက်လာသောသူသော်လည်း ဖြစ်တန်ရာသည်။

သခင်စိုး။

၉-၄-၄၆။

## အခန်း—၁—အာကာသစ်။

## မိုလိုတော့ဗ်။

မော်စကိုမြို့တွင် များမကြာသေးမီက အမေရိကန် အင်္ဂလန်နှင့် ဆိုဗီယက် ရုရှား နိုင်ငံကြီး သုံးနိုင်ငံမှ နိုင်ငံခြားဝန်ကြီးများ တက်ရောက်ဆွေးနွေးသော ကွန်ဖရင့်၌အမေရိကန်နှင့် အင်္ဂလန်တို့ကတဘက်၊ ဆိုဗီယက် ရုရှားက တဘက်သသော ကွဲလွဲချက်တရပ်ဖြစ်ခဲ့ဘူးလေသည်။ ထိုသသော ကွဲလွဲချက်သည်ကား ဗြိတိသျှ အင်ပါယာအတွင်းရှိ ဒိုမီနီယံနိုင်ငံများသည် လွတ်လပ်သော နိုင်ငံများ မဟုတ်သောကြောင့်။နိုင်ငံပေါင်းချုပ်အသင်းကြီးက ဆုံးဖြတ်သော ကိစ္စများတွင်။ ဒိုမီနီယံနိုင်ငံများမှ တက်ရောက်သော ကိုယ်စလှယ်များ မဲပေးခွင့် မရှိထိုက်ဟု မိုလိုတော့ဗ်က ပြောခဲ့သောအချက်ဖြစ်ပေသည်။ မိုလိုတော့ဗ်က ဤကဲ့သို့ပြောသည်ကို၊အမေရိကန်နှင့်ဗြိတိသျှနယ်ချဲ့သမားတို့က ဒိုမီနီယံနိုင်ငံများသည်။ လွတ်လပ်သော နိုင်ငံများ ဖြစ်သောကြောင့် မဲပေးခွင့် ရှိရမည်ဟု အကြပ်ကိုင်ကာ၊ ဆိုဗီယက် ရုရှားအပေါ်တွင် ဤကိစ္စနှင့် ပတ်သက်၍၊ အတင်း အနိုင်ယူခဲ့ကြလေသည်။

ဗမာပြည်တွင်ယခုအခါ၊ အချို့သောနိုင်ငံရေး ပါရဂူများ၏ အာနုဘော်တော်ကြောင့်။ ဗမာပြည်သည် မကြာမီအတွင်း။ ဒိုမီနီယံအုပ်ချုပ်ရေးကိုယူရန် သင့်တော်ပြီဆိုသော ထင်မြင်ချက်သည်၊ အ လွန် ခေတ် စား လျက် နေ ပေ သည်။

ဒိုမီနီယံ ကောသောဟာလသည်၊ အောက်ပါ ရပ်ကွက်များမှ ပေါ်ထွက်ခဲ့လေပြီ။

## ဒိုမီနီယံ-ဇာတ်ခင်းသူများ။

"ဤပြဿနာကို (ဗြိတိသျှထံမှ-ငွေချေးရန်) ဒိုမီနီယံ အုပ်ချုပ်ရေး (ဝါ) လွတ်လပ်ရေးရပြီးသည့်အထိ၊ ဆိုင်းငံ့ထားရန်ကြံစည်ခြင်းသည် တိုင်းသူပြည်သားတို့၏ တကဲ့လိုလားချက်ကို လစ်လျူရှုရာ ရောက်ပေသည်" (သခင်သန်းထွန်း-မက္ကင်ဇီအစီရင်ခံစာမှကောက်နုတ်ချက်။)

"ဤယူဆချက်များ အားလုံးကြောင့် ပေါ်လွင်ထင်ရှား နေသောအချက်သည်ကား။ ဒိုမီနီယံအုပ်ချုပ်ရေးသည် ချက်ခြင်းလက်ငင်း ရနိုင်သောအရေး-လက်တွေ့ ရည်မှန်းနိုင်သော အရေးဖြစ်ကြောင်းကို ခတ္တရပေသည်။ ထို့ကြောင့်ပါတီသည် မိမိ၏လုပ်ငန်းစဉ်တွင် တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူရေးကို ဘမ်းပြထားကာ ဤအာမခံချက်ဖြင့် ရာထူးကိုလက်ခံသင့်ပေသည်။" (သခင်သန်းထွန်း-မက္ကင်ဇီအစီရင် ခံစာမှကောက်နုတ်ချက်။)

"စပ်ကူး-မတ်ကူး- ခေတ်တွင် ရာထူးခန့်ခွဲရေးနှင့် ရာထူးအတွက် ထောက်ခံရေးတို့ကိုလုပ်ရာ၌။ ဗမာတရားသူကြီးများ၏ဦးရေကို များစွာတိုးချဲ့သင့်ကြောင်း သတိရသင့်ပေသည်။ အဘယ်ကြောင့် ဆိုသော် နီးကပ်လျက် နေသည့်အနာဂတ်ကာလတွင်။ဗမာပြည်သည် ဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လည်းပါသော ဒိုမီနီယံ အုပ်ချုပ်ရေးကို ရတော့မည် ဆိုသော အချက်ကြောင့်သာမဟုတ်သေး။ ဗမာတရားသူကြီးများသည် ဗမာ့ရပ်ကွက် ဆိုင်ရာအခြေအနေများ။ဗမာ့ထုံးစံများ အသုံးအနှုန်းများ ဓလေ့များ-စိတ်ထားများနှင့် အခြား အရာများကိုလည်း သိနားလည်ကြပေရာ။ ဗမာ တရားသူကြီးများသည်အခြားတရားသူကြီးများထက် အရည်အချင်းပိုရှိသောအချက်ကြောင့်လည်းဖြစ်ပေသည်။" (ကိုဗဟိန်းနှင့် သခင်သန်းထွန်းတို့ သဘောတူချက် ရပြီးဖြစ်သည့်- ဖ-ဆ-ပ-လ-က၊ ဘုရစ်ခံထံ ပေးသောစာမှကောက်နုတ်ချက်။)

"နောက်ဆုံး၌၊ ဗြိတိန်ရှိတတဲ့ ဒီမိုကရေစီကို လိုလားသူများသည်၊ စစ်အောင်နိုင်မှုကိုရရှိကာ ဗြိတိသျှအင်ပါယာကြီးအားလည်း တကဲ့ပြည် ထောင်စု (ကွန်မွန်းဝဲလ်) အဖြစ်သို့ ပူးပေါင်း စေလိမ့်မည်" (ကိုသိန်းဖေရေး- "ဗြိတိသျှနှင့် နှစ်ဦး နှစ်ဘက် ပိုမို နီးစပ် ရေးသို့" မှကောက်နုတ်ချက်။)

"စစ်ပြီး ဗြိတိန်သည် စစ်ပြီး။ဗမာပြည်အား မလွဲသာဘဲ လွတ်လပ် ရေးနှင့် ဒီမိုကရေစီလမ်းအတိုင်း ငြိမ်းချမ်းစွာကြီးပွါးအောင် လုပ်သွား ရတော့မည်" (ကိုသိန်းဖေရေး-အထက်ပါစါစောင်မှကောက်နုတ်ချက်)

"ဤကား ဗမာပြည်၏ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးဘဲခေါ်ခေါ်၊ဥပဒေ အရ ဖြစ်ပေါ်ရေးဘဲခေါ်ခေါ်။ အတွင်းရေး အာမခံချက် ပေထည်း။" (ကိုသိန်းဖေရေး- အထက်ပါ စာစောင်မှ ကောက်နုတ်ချက်။)

"သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည် စွာ။ဗမာပြည်သူနှင့် ဗြိတိသျှပြည်သူတို့သည်။ တဦးကိုတဦး ဆက်လက် ၍။ ကူညီရိုင်းပင်းရန်-သို့ကူညီရိုင်းပင်းရာတွင် ဒိုမီနီယံဘဲခေါ်ခေါ်၊သို့မ ဟုတ်-ဒီပြင်ဟာ ဘာဘဲဖြစ်ဖြစ် ခေါ်ချင်ရာခေါ်။ တန်းတူရေးနှင့် တရေး သဖြင့် ဖြစ်ရေးတွင် အခြေစိုက်ရမည်" (ကိုသိန်းဖေရေး- အထက်ပါ စာစောင်မှ ကောက်နုတ်ချက်။)

"သော့ချက် ကုန် လုပ်ငန်းများ တွင်းတူးဌာနများ သယ်ယူပို့ ဆောင်ရေးများ၊ ဘဏ်တိုက်ကြီးများကို တမျိုးလုံးပိုင် ပစ္စည်းအဖြစ် ချက်ချင်းမလုပ်ရ ပြန်လည်ထူထောင်ရေးခေတ်တွင် ချက်ချင်းလုပ်ရမည့် အလုပ်များတား........"

"(က) မြေရှင်နှင့်ငွေရှင်တို့က သီးထောက်ခနှင့် အတိုးကို လျှော့ ယူရန် လယ်သမားများက ကျသင့်သော သီးထောက်ခကို ပေးကာ လူမျိုးကို ကယ်တင်ရေးအတွက် အပင်ပမ်းခံ၍ အလုပ်လုပ်ရမည်။" (ကြည့်နေဘ်—ငွေရှင်၊ မြေရှင်တွေကိုတော့ လျှော့ယူဆိုပြီး လယ်သမား များကိုတော့ကျသင့်သော သီးထောက်ခကို မလျှော့ဘဲပေးရမယ်။အလုပ် ကို အပင်ပန်းခံလုပ်ရမယ်လို့ ဆိုထားတယ်......သခင်စိုး။)

"(ခ) အရင်းရှင်များက အလုပ်သမားများအား သင့်တော်သော လုပ်ခကိုပေးကာ အလုပ်သမားများ၏ အခြေအနေများကို တိုးတက်ကောင်းမွန်အောင်လုပ်ရန် အလုပ်သမားများက လူမျိုး၏ စီးပွါးရေးအာဝကို အသက်ပြန်ဝင်စေရန် အပင်ပန်းခံ အလုပ်လုပ်ကြရမည်။" (ကြည့်မှတ်–အလုပ်သမားများ၏ အခြေအနေကို တိုးတက်ကောင်းမွန်အောင် လုပ်ရန်လို့လဲဆိုထားတယ်။ အလုပ်သမားများကိုလဲ အပင်ပန်းခံ အလုပ်လုပ်ရမယ်လို့ ဆိုထားတယ်–သခင်စိုး။) (ကိုသိန်းဖေ ရေး အထက်ပါစာစောင်မှ ကောက်နုတ်ချက်။)

(အထက်ဖေါ်ပြပါအခြေအနေသည် ဗမာပြည်တွင် ဒိုမီနီယံ အုပ်ချုပ်ရေးကိုရသောအခါ အလုပ်သမားနှင့်လယ်သမားများအတွက် ဆိုက်ရောက်လာမည့်အခြေအနေအတိုင်းအတိအကျဖြစ်ပေသည်-သခင်စိုး။)

"အဆိုစီစစ်ရေး ကော်မတီတွင် ဦးဘဖေက ဒိုမီနီယံအုပ်ချုပ်ရေးသည် တကဲ့လွတ်လပ်သော အုပ်ချုပ်ရေးဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပရိဗီကောင်စီသို့ အယူခံဝင်သော စံနစ်ကို ဖျက်လိုက်ပြီး၊ ၎င်းအပြင် ဒိုမီနီယံရပြီးသော နိုင်ငံတရပ်သည် ခွဲထွက်ခွင့်လည်းရှိသည်ဟု ဆင်ခြေပေးသည်။............

"ဦးဘဖေဘ သူဥက္ကဋ္ဌဖြစ်နေသောကြောင့် ထင်သလိုကြံနိုင်သော ညဆွေးနွေးပွဲတွင် အောက်ပါအတိုင်း ပြောပြန်သည်။ ...... ......မနေ့က ဒိုမီနီယံအကြောင်းပြောသွားတာ ခတောင်းကျိုက်တလွဲ ဖင်ထလွဲဖြစ်နေတယ်။ စင်စစ်ဒိုမီနီယံဟာ ဒါလောက်မဆိုးဘူးဆိုသော လေသံများကို ပစ်ကာ အစည်းအဝေးကို ကဗျာကရာရုပ်သိမ်းလိုက်သည်။ နောက်တနေ့ လူငယ်များက ဆွေးနွေးပွဲတွင် ဒီအကြောင်းနှင့် ပတ်သက်၍ မေးခွန်းများထုတ်သောအခါ ဦးဘဖေကယောင်တောင်တောင်လုပ်နေသည်။" (ပြည်သူ့အာဏာအမှတ် ၁၉ မှ ကောက်နုတ်ချက်။)

ယခုအခါ ဒိုမီနီယံကို လက်ဖြန့်၍ တောင်းနေသော ဘူဘစ်ွါတီအကြောင်းကိုကား တိုင်းပြည်က သိပြီးဖြစ်၍အထူးပြောရန်မလို (သခင်စိုး။)

"ဗမာများသည် အဘယ်ကြောင့် ဒိုမီနီယံစတေးတပ်စ်ကို မကြိုက်

သည်ကို မပြောတတ်ကြောင်း၊ ဒိုမီနီယံစတေးတပ်စ်ရလျှင် ခွဲထွက်လိုက ခွဲထွက်နိုင်ကြောင်း၊သို့ရာတွင်ယခုအထိခွဲထွက်သောသူတဦးမျှမရှိသေး၍ ခွဲထွက်၍ မရတတ်ကြကြောင်း။မိမိသည်နိုင်ငံရေးသမားမဟုတ်၍ဒိုမီနီယံ စတေးတပ်စ်သည် ကောင်းသည်ဟု ဝါဒမဖြန့်လိုကြောင်း။'' (သခင် သန်းထွန်းအား မောင့်ဘက်တန်က ပြောသောစကား။)

အချို့သောဗမာခေါင်းဆောင်များသည်၊ ဤအရေးတွင် အဘယ့်ကြောင့်အမေရိကန် ဗြိတိသျှနယ်ချဲ့သမားများနှင့်သဘောချင်းကိုက်ညီနေကာအဘယ့်ကြောင့် ဆိုဗီယက်ရုရှား၏သဘောထားနှင့် ဆန့်ကျင်နေဘိသနည်း။ ဤအချို့သော ဗမာခေါင်းဆောင်များသည်ဗမာပြည်လွတ်လပ်ရေးပြဿနာအပေါ်တွင်သဘောထားရာ၌၊အမေရိကန် ဗြိတိသျှနယ်ချဲ့သမားတို့၏ဩဇာနှင့်ပယောဂမှကင်းမှကင်းပါလေစဟူ၍ မေးစရာအကြောင်းရှိပေသည်။ထို့ကြောင့်ဒိုမီနီယံအုပ်ချုပ်ရေးသည်၊ ဗမာပြည်သူတို့၏ လွတ်လပ်ရေးနှင့် ကိုက်ညီသည် မကိုက်ညီသည်၊ ဗမာပြည်သူတို့၏လိုလားအပ်သော လွတ်လပ်ရေးအစစ်ဖြစ်သည် မဖြစ်သည်ဆိုသောပြဿနာကို ပြီးပြတ်အောင်ဖြေရှင်းရန်လိုအပ်ပေသည်။

## သမတနိုင်ငံသစ်။

အချို့သောဗမာခေါင်းဆောင်များသည် အရှယ်ရောက်သူတိုင်းမဲပေးခွင့်ဖြင့်၊ ရွေးကောက်တင်မြှောက်သော တိုင်းပြုပြည်ပြုလွှတ်တော်ကြီးက၊ ဒီမိုကရေစီသစ်သမတနိုင်ငံကို ထူထောင်ရမည်ဆိုသော တောင်းဆိုချက်ကို အဖြင်ဘမ်း အားဖြင့်အောင်ပြထားသော်လည်း၊ နောက်ဖေးပေါက်မှမူ ဒို

မီနီယံအုပ်ချုပ်ရေးကို သွင်းလာရန် လုပ်နေကြလေသည်။ ထို့ကြောင့် အရွယ်ရောက်သူတိုင်းမဲပေးခွင့်ဖြင့် ရွေးကောက်တင်မြှောက်သော တိုင်းပြုပြည်ပြု လွှတ်တော်ကြီးက၊ ထူထောင်မည့် ဒီမိုကရေစီသစ်သမတနိုင်ငံနှင့်၊ ဒိုမီနီယံအုပ်ချုပ်ရေးတို့ အဘယ်ကဲ့သို့ခြားနားသည်ဆိုသောအချက်ကို ဗမာပြည်သူတို့ကသိချင်ကြပေလိမ့်မည်။

ဒီမိုကရေစီသစ် သမတနိုင်ငံထူထောင်ရေး အလိုအရ အရွယ်ရောက်သူတိုင်း မဲပေးခွင့်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရမည်ဖြစ်သော တိုင်းပြုပြည်ပြုလွှတ်တော်ကို ပြည်သူတို့က မလုပ်မနေရသော တာဝန်များပေးကြရမည်။ ထိုမလုပ်မနေရသော တာဝန်၊ ဗမာပြည်၏ လွတ်လပ်ရေး တကယ်မည်သောတာဝန်များသည်ကား...... ......

(၁) သော့ချက်ဖြစ်သော ကုန်လုပ်ငန်းကြီးများနှင့်ဘဏ်တိုက်ကြီးများကို တမျိုးလုံးပိုင်ပစ္စည်းအဖြစ်သိမ်းယူရန်။ ဥပမာ ရေနံကုမ္ပဏီ၊ရေနံတွင်း၊သတ္တုတွင်းများ၊ မီးရထား၊ ဓာတ်ရထား၊ မီးသင်္ဘောကုမ္ပဏီကြီးများဖြစ်ပေသည်။ ဤအချက်သည် နိုင်ငံခြားမှလာ၍ ဗမာပြည်အားချယ်လှယ်နေသောနယ်ချဲ့စံနစ်ကို အမြစ်ပါမကျန်အောင် နှုတ်ပစ်လိုက်သောအချက်ဖြစ်ပေသည်။

(၂) လယ်ပိုင်ရှင်ကြီးများ၏ မြေယာများ သစ်တော ကျွန်းတောများနှင့် စိုက်ပျိုးရေးဌာနကြီးများကို တမျိုးလုံးပိုင်ပစ္စည်းအဖြစ် အစိုးရက သိမ်းယူကာ လယ်ယာများကို လက်အလွတ်ခံခဲ့ ရသည့်လယ်ယာတောင်သူတို့အား၊ အညီအမျှ ဝေငှပေးရန်နှင့် လယ်ယာတောင်သူတို့အပေါ်တွင် တင်ရှိနေသော ကြွေးများကို ပယ်ဖျက်ရန် ဖြစ်ပေသည်။ ဤသို့လုပ်ခြင်းသည် ဗမာပြည်သူတို့၏-၇၅-ရာခိုင်နှုန်းသော လယ်ယာ

တောင်သူ လူများစုတို့ အပူတပြင်း ခံစားနေရသည့် နစ်နာချက်များကို ပပျောက်အောင် လုပ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

(၃) ဗမာပြည် တိုင်းရင်းသားတပ်မတော်ကို ဗမာပြည်ကာကွယ်ရေး တပ်မတော်အဖြစ် တိုးချဲ့ထူထောင်ထားရန်၊ ဤသို့ထူထောင်ထားမှသာလျှင် အပိုဒ်-၁-နှင့်၂-တို့တွင် တိုးတက်ရရှိခဲ့သော အခွင့်အရေးများ အရှည်တည်တန့်စေခြင်းအလို့ငှါ နိုင်ငံခြား အင်အားစုများကို ဆန့်ကျင်ရစေကာမူ။ ထိုအခွင့်အရေးများ ပျောက်ကွယ်၍ မသွားရလေအောင် ကာကွယ်ပေးရန်ဖြစ်ပေသည်။

(၄) ပြည်သူတို့၏အလိုကျ တိုင်းပြည်ကိုစီမံ အုပ်ချုပ် သွားရန် အရာရှိကြီးငယ်ဟူသမျှတို့ကို (တရားဌာန—ပုလိပ်ဌာနနှင့် စစ်ဘက်ဌာနများ) ရွေးကောက်ပွဲကျင်းပ၍ တင်မြှောက်ရန်။ ဤသို့ရွေးကောက်တင်မြှောက်မှသာလျှင်။အင်္ဂလိပ်ကနယ်ချဲ့စံနစ်၏ကိုယ်စလှယ်များက။အထက်မှနေ၍၊ သူတို့ကြိုက်သလို ခန့်ထားသည့် နယ်ချဲ့စံနစ်၏သံမဏိဘောင်ကြီးဖြစ်သောအရာရှိဆိုးစံနစ်ကို (Bureaucracy) ချိုးဖျက်ရာရောက်မည်။ ဗျူရိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်သော (Democracy) ဒီမိုကရေစီကိုလည်းအစားသွင်းလာရာရောက်ပေမည်။

(၅) ဒီမိုကရေစီအခြေခံ အခွင့်အရေးများကိုထူထောင်ရန်။ လွတ်လပ်စွာ ဟောပြော-ရေးသား-ရိုက်နှိပ်—စည်းဝေး—အသင်းအပင်း ထူထောင်ခွင့်—လွတ်လပ်စွာ ယုံကြည်ခွင့်—လွတ်လပ်စွာ သပိတ်မှောက်ခွင့် သပိတ်တားခွင့် အလုပ်သမားများတခဲနက်လျှင် ရှစ်နာရီထက်ပိုမလုပ်ခွင့် တို့ဖြစ်သည်။

## အာဏာသစ်။

အထက်ပါအချက်ကြီးငါးချက်ကိုပြည်သူတို့လက်ဝယ်ရောက်ရှိစေသော တော်လှန်ရေးဖြစ်စဉ်သည် အဘယ်သို့ဂိုဏ်းနည်း......။

အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ အမျိုးသမီး လူလတ် အောက်တန်းစားများ ပါဝင်ရာ လူထုအ

စည်းအရုံး များသည် မိမိတို့ နေ့စဉ်နှင့်အမျှ စီးပွါးရေးအရနှစ်နာခံစား နေရသော အချက်များကို အကြောင်းပြု၍၊ ဗြိတိသျှ နယ်ချဲ့စံနစ်အား အုံကြွ၍ တိုက်ဖျက် နေကြလေပြီ၊သို့တိုက်ဖျက်နေသည်ကို ကွန်မြူနစ်ပါတီကရှေ့ဆောင်၍တမျိုးလုံး ပါဝင်သော ဗြိတိသျှနယ်ချဲ့စံနစ် ဆန့်ကျင်ရေးတပ်မတော်ကြီးအဖြစ်သို့ ရပေါင်းဖွဲ့စည်းပေးရမည်၊ ကွန်မြူနစ်ပါတီသည် ထိုအင်အားစုများကိုစည်းရုံး၍ တော်လှန်ရေးသို့ (ဝါ) လွတ်လပ်ရေးစခန်းသို့ အရောက်ခေါ်ဆောင်သွားရမည်။)

အထက်ဖော်ပြပါ လူထုအစည်းအရုံးများ၏ စီးပွါးရေးတိုက်ပွဲနှင့် နိုင်ငံရေးတိုက်ပွဲသည်ဗြိတိသျှနယ်ချဲ့စံနစ်ကိုတွန်းလှန်ဖြိုဖျက်သော ပြည်သူ့တော်လှန်ရေး အင်အားစုအဖြစ်သို့အသွင်ပြောင်းလဲလာလိမ့်မည်။ ၍ပြည်သူ့တော်လှန်ရေးအင်အားစုသည်၊ ဗြိတိသျှ နယ်ချဲ့စနစ်ကို မလွဲဧကန် တွန်းလှန်ဖြိုဖျက်လိမ့်မည်။သို့တွန်းလှန်ဖြိုဖျက်ပြီးသည်နှင့်တပြိုင်နက် ၍ပြည်သူ့ တော်လှန်ရေးအင်အားစုသည် ကူးပြောင်းရေးခေတ်အတွင်းတွင်။ တိုင်းပြည်အား စီမံအုပ်ချုပ်သွားရန်ယာယီအမျိုးသားတော်လှန်ရေးအစိုးရအဖွဲ့ကိုရွေးချယ်တင်မြှောက်ရမည်။

ထိုယာယီအမျိုးသားတော်လှန်ရေးအစိုးအဖွဲ့သည်ပြည်သူ လူထု အစည်းအရုံးများနှင့် ပြည်သူ့ တော်လှန်ရေးအင်အားစုတို့၏ ထောက်ခံချက်ကိုရသော တကယ့်ပြည်သူကိုယ်စားလည် အစိုးရအဖွဲ့ဖြစ်ပေသည်။

ယာသယီအမျိုးသားတော်လှန်ရေးအစိုးရအဖွဲ့ကို တိုင်းသူ ပြည်သားတို့က မလုပ်မနေရအောင် အောက်ပါ တာဝန် များကို ပေးအပ်နှင်းရမည်။

(၁) တိုင်းပြုပြည်ပြုလွှတ်တော်ကြီးသို့ ကိုယ်စားလှယ်များကို ရွေး ကောက်တင်မြှောက်ရာ၌၊ ရွေးကောက်ပွဲအတွက်လုံးဝလွတ်လပ်စွာ ဝါဒ ဖြန့်ချီလှုံ့ဆော်ခွင့်ပြုခြင်း။

(၂) ရွေးကောက်ပွဲကျင်းပရာတွင် အရွယ်ရောက်သူတိုင်းကိုတူညီ စွာတိုက်ရိုက်လျှို့ဝှက်၍ မဲပေးခွင့်ပြုခြင်း။

(၃) ရွေးကောက်ခြင်းခံရသော တိုင်းပြုပြည်ပြုလွှတ်တော်အား— ပြည်သူတို့အတွက် ချက်ချင်းလက်ငင်း အနည်းဆုံးလိုလားချက်ဖြစ်သော အထက်ပါ အချက်ကြီးငါးချက်ကို ဖြစ်မြောက်အောင် ဆောင်ရွက် စေခြင်း

(၄) တိုင်းပြုပြည်ပြုလွှတ်တော်သို့ ရွေးကောက်ခြင်းခံရသောကိုယ် စားလှယ်များအား မဲထည့်သော ပြည်သူများအနက်၊ သုံးပုံနှစ်ပုံက သဘောမကျလျှင်၊ ချက်ချင်းပြန်လည်ဖြုတ်ချခွင့်ရှိခြင်း။

(၅) တိုင်းသူပြည်သားတို့၏လက်တွင် ဥပဒေကို ပြုလုပ်ခွင့်—ဖျက် သိမ်းခွင့်ရှိခြင်း။

(၆) အကယ်၍တိုင်းပြုပြည်ပြုလွှတ်တော်ကိုပြည်သူတို့ကသဘော မကျပါက၊ လွှတ်တော်အဖွဲ့တခုလုံးကို ရပ်ဆိုင်းခွင့် ဖျက်သိမ်းခွင့် ရှိခြင်း စသည်တို့ဖြစ်ပေသည်။

အထက်ပါ အချက်ကြီး ၆ ချက်သည်၊ လုံးဝလွတ်လပ် သောဒီမိုကရေစီသစ်သမတနိုင်ငံ၏ အခြေခံဥပဒေရပ်ကြီး များဖြစ်ပေသည်။

ပြည်သူလူထုစည်းရုံးရေး အင်အား၊ နိုင်ငံရေးအင်အား နှင့်ပြည်သူ တော်လှန်ရေးအင်အားစုတို့သည် ဗြိတိသျှနယ် ချဲ့စံနစ်ကို တိုက်ဖျက်ရင်းအတွင်၌ အထိပ်သို့ ရောက်နေသော

အချိန်၌သာ ပြည်သူတို့လက်တွင် အထက်ဖော်ပြပါ ဥပဒေရပ်ကြီးများကိုရရှိပေလိမ့်မည်။

တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ကကွ အထက်ပါပြည်သူ့ဥပဒေရပ်ကြီးများကို စောင့်ရှောက်သော အင်အားစုသည်ကား။ ပြည်သူ့တော်လှန်ရေး အင်အားစုဖြစ်ပေသည်။

ထို့ကြောင့်ရွေးကောက်ပွဲကိုရင်း။ တိုင်းပြုပြည်ပြုလွှတ်တော်ကိုရင်း၊ အထက်ဖော်ပြပါပြည်သူ့ဥပဒေရပ်ကြီးများကိုရင်း၊ အတိုချုပ်အားဖြင့် ဒီမိုကရေစီသစ် သမတနိုင်ငံကိုရင်း။ ဖန်တီးနိုင်စွမ်းရှိသော အင်အားစုသည်၊ ပြည်သူ့တော်လှန်ရေးအင်အားစုမှလွဲ၍ အခြားမရှိနိုင်။

ထို့ကြောင့်ပြည်သူ့တော်လှန်ရေးအင်အားစုဖြင့်၊ ဗမာတမျိုးလုံး၏ စီးပွါးရေးလွတ်မြောက်မှုကို အရယူလိုက်ခြင်းသည်၊ ရုပ်အခြေခံဖြစ်၍ ရွေးကောက်ပွဲ၊တိုင်းပြု ပြည်ပြုလွှတ်တော် ပြည်သူ့ဥပဒေ၊ ဒီမိုကရေစီသစ် သမတနိုင်ငံစသော နိုင်ငံရေးအသွင်များသည်၊ ထိုရုပ်အခြေခံကို အမှီသဟဲပြု၍ ပေါ်ပေါက်လာရသော အသွင်များသာ ဖြစ်ပေသည်။ ထိုရုပ်အခြေခံကို ပြီးပြည့်စုံသော အသွင်ဖြစ်အောင် ဆောင်ရွက်လိုက်ခြင်းမျှသာဖြစ်ပေသည်။

ဗမာတမျိုးလုံး၏ စီးပွါးရေးလွတ်မြောက်မှုကို(စက်ရုံအလုပ်ရုံများကို အလုပ်သမားများပိုင်စေ၊ လယ်မြေများကို လယ်သမားများပိုင်စေ။) ပြည်သူ့တော်လှန်ရေး အင်အားစုဖြင့် လက်ဝယ်အရယူခြင်းသည် အဓိကဖြစ်၏။ အကြောင်းရင်းလည်းဖြစ်၏၊ရွေးကောက်ပွဲကျင်းပခြင်း၊ တိုင်းပြုပြည်ပြု

လွှတ်တော်ခေါ်ခြင်း၊ ပြည်သူ့ဥပဒေများရေးဆွဲခြင်း၊ ဒိမို ကရေစီသစ် သမတနိုင်ငံ ထူထောင်ခြင်းစသည့် နိုင်ငံရေး ဆောင်ရွက်ချက်များသည်။ အထောက် အကူများသာ ဖြစ် ပေသည်။ အချောကိုင်လိုက်ခြင်းမျှသာဖြစ်သည်။

ထို့ကြောင့်ဗမာတမျိုးလုံး၏စီပွါးရေးလွတ်မြောက်မှုကို ပြည်သူ့တော်လှန်ရေးအင်အားဖြင့်၊ လက်ဝယ်အရ ယူ ခြင်းကိုအဓိကထားသောသူသည်၊ တော်လှန်ရေးသမားဖြစ် ၍ ရွေးကောက်ပွဲကို အဓိကထားသော သူသည်၊ ပြုပြင်ရေး သမားဖြစ်ပေသည်။

တော်လှန်ရေးသမားသည် လူထုများကို တော်လှန်ရေး သို့ခေါ်ဆောင်ရန် လူထုစည်းရုံးရေးကိုသာ အဓိကထား ကာ အောက်ခြေသိမ်း၍ လုပ်ပေသည်။ ရွေးကောက်ပွဲကိုမူ သာမညအဖြစ်၊ တော်လှန်ရေးကို အကူအညီ ပြုစေသော လုပ်ငန်းအဖြစ်သာ အသုံးချပေသည်။

ပြုပြင်ရေးသမားသည် လူထုစည်းရုံးရေးကို အဓိက မ ထားဘဲ ရွေးကောက်ပွဲကျင်းပရေး၊ အရွယ်ရောက်သူတိုင်း မဲပေးရေး၊ တိုင်းပြု ပြည်ပြု လွှတ်တော်ခေါ်ယူရေးတို့ကို ကြွေးကြော်ရုံ ကြွေးကြော်ခြင်းကိုသာ အဓိကထားကြပေ သည်။လူထုစည်းရုံးရေးကိုမူ သာမန်ကာရှန်ကာလုပ်ကြပေ သည်။ (ဥပမာသခင်သန်းတွန်းအမှူးရှိသောအချောင်သမား များသည်။ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးကိုဘမ်း ပြ၍ ဒိုမီနီယံကိုတောင်းရန် ဘုရင်ခံ၏ အတိုင်ပင်ခံ အမှု ဆောင်အဖွဲ့သို့ဝင်ရန်ကြံစည်ခဲ့၏။ ဤသို့ကြံစည်၍ အထမ

မြောက်သည့် အခါမှသာ လူထုအစည်းအဝေးများ ကွန်ဖရင့်များ၊ ကွန်ဂရက်များကို ခေါ်ကြပြန်လေသည်။ လူထုများကို ဖြိုးဖျမ်းရုံနှင့် လက်ကိုင်ဒုတ်လုပ်ရုံသာ အစည်းအဝေးများ၊ ကွန်ဖရင့်များ။ ကွန်ဂရက်များကို ခေါ်ကြပေသည်။)

"အတိုချုပ်ဆိုရလျှင် ဗမာပြည်၌ လူဦးရေ-၁၄-သန်းကို လူဟူ၍မမှတ်ဘဲ စစ်ဘုရင်ကစားရာတွင် ဟိုရွှေ့သည်ရွှေ့ ရွှေ့ရသော (နယ်) ကလေးတွေ ဟူ၍သာ အောင်မေ့ ကိုယ် လုပ်ချင်ရာလုပ်"(၁၉၄၀–၄၁ ခု။ နှစ်ပတ်လည်ထုတ်၊ ဒိုးဝေ မဂ္ဂဇင်းတွင်ပါသော သခင် သန်းထွန်း၏ စကားလက်ဆောင်မှ ကောက်နှုတ်ချက်။)

အလုပ်သမားလယ်သမား၊တောရွာမြို့နေလုပ်သားလူထုများ၊ လူလတ် အောက်တန်းစားနှင့် ပညာတတ်များ။အမျိုးသမီးများ၊ စသည်တို့ပါဝင်ဖွဲ့စည်းရာ ပြည်သူ့ တော်လှန်ရေး အင်အားစုကြီးကို အကြောင်းပြု၍ ကူးပြောင်းရေးခေတ်တွင် တိုင်းပြည်အား ယာယီအားဖြင့် စီမံအုပ်ချုပ်သွားရန် ရွေးကောက် ခန့်အပ်ထားသည့် ယာယီအမျိုးသား တော်လှန်ရေး အစိုးရအဖွဲ့ကအား၊ထက်ဖော်ပြပါ၊ ဥပဒေများအတိုင်း။ တပြည်လုံး ရွေးကောက်ပွဲ ကျင်းပခြင်းဖြင့် ရွေးကောက် တင်မြှောက်ခြင်းခံရသော တိုင်းပြုပြည်ပြု ဖွတ်တော်သည့်၊တမျိုးလုံး၏ကိုယ်စားလည်လည်းဖြစ်တော်လှန်သော သဘောလည်း၍၊ လူများရ ဆန္ဒလည်း ပါဝင်သော အာဏာသစ်ကြီး တရပ်ဖြစ်လေရာ။ ထိုတိုင်းပြုပြည်ပြုဖွတ်

တော်ကို "ဒီမိုကရေစီ သစ်နည်းအရ။တော်လှန်သောလူမျိုး
ရေး တိုင်းပြုပြည်ပြုလွှတ်တော်"ဟု ခေါ်အပ်ပေသည်။

အထက်ပါအချက်များကို အနည်းဆုံး လိုလားချက်များ အဖြစ် မရသေးသမျှကာလပါတ်လုံး။ ဗမာပြည်၏လွတ်လပ်ရေးကို ရကာယ်ရပြီဟု မဆိုနိုင်သေးပေ၊ အဘယ်ကြောင့်ဆိုသော် စီးပွါးရေးတွင် မလွတ်လင်သေးသမျှ တကဲ့လွတ်လပ်ရေးဟု မဆိုနိုင်သေးသောကြောင့်ဖြစ်သည်။ ဤအချက်ကြီးငါးချက်၏ အဓိပ္ပါယ်ကိုလည်း။အနည်းငယ်ချဲ့၍ ဖေါ်ပြရန်လိုပေဦးမည်။(၁)အချက်သည် ဗမာပြည်တွင်းရှိ နယ်ချဲ့စနစ်၏စီးပွါးရေးကို ပါယ်ဖျက်သောအချက်ဖြစ်သည်။:(၂)အချက်သည် လယ်ယာ စိုက်ပျိုးရေး၌ နယ်ချဲ့ စနစ်၏ ပြည်တွင်းကိုယ်စားလည်လည်းဖြစ်။အလှေအမွှား လူတန်းစားလည်းဖြစ်။အတိုးကြီးစား လူတန်းစားလည်း ဖြစ်သည့်မြေပိုင်ရှင်လူတန်းစားအား လက်မဲ့ဖြစ်အောင် အဘာဘမဲ့ဖြစ်အောင် လုပ်လိုက်ခြင်းဖြစ်ပေသည်။ (၃)အချက်သည်။ဗမာပြည်သူတို့၏ အကျိုးကို ကာကွယ်ပေးရန်နှင့် နိုင်ငံခြားမှလာရောက် ကြူးကျော် တိုက်ခိုက်မည့် အင်အားစုများကိုတွန်းလှန်ပစ်ရန် အသင့်လုပ်ထားသော အချက် ဖြစ်သည်။(၄) အချက်သည် နယ်ချဲ့စနစ်၏ အစောင့် အရှောက်နယ်ချဲ့စနစ်၏ သံမဏိ တောင်ကြီးဖြစ်သော (ဗြူရိုကရေစီ)အရေးရှိဆိုး စနစ်ကို ချိုးဖျက်၍ (ဒီမိုကရေစီ) တိုင်းသူပြည်သားတို့ အလိုကျဖြစ်သည့် ပြည်သူတို့၏ ကိုယ်စားလည်စနစ်ကိုအစားထိုးသောအချက် ဖြစ်သည်။(၅)အချက်

သည်၊ နယ်ချဲ့စနစ်သွမ်းမိုး ကျက်စားရာခေတ်သည်အမှောင်ထုကို ပါယ်ဖျက်ကာ လူအများ၏ နိုးကြား စည်းရုံးမှုကို ဆောင်ယူလာခြင်းဖြစ်ပေသည်။

## အခန်း—၂—ဒိုမီနီယံ။

ဒိုမီနီယံအုပ်ချုပ်ရေးတွင် အထက်ဖော်ပြပါ အချက်အလက်များကို အစအနပင်ရှာ၍ မတွေ့ချေ၊ ဒိုမီနီယံနိုင်ငံဖြစ်သော ဩစတြေးလီးယား၊ တောင်အာဖရိက၊ ကနေဒါစသည့် တိုင်းပြည်များ၏ အခြေအနေကို အကြမ်းအားဖြင့်ကြည့်လျှင် ဤအချက်မှန်ကြောင်းတွေ့ရမည်။

(၁) သော့ချက်ဖြစ်သောကုန်လုပ်ငန်းကြီးများနှင့်၊ ဘဏ်တိုက်ကြီးများကို လူတဦးတယောက်ပိုင် ပစ္စည်းအဖြစ်၊ သို့မဟုတ်ကုမ္ပဏီတရပ်ပစ္စည်းအဖြစ်တွေ့ရမပေသည်။

(၂) မြေယာကြီးများကိုလည်း မြေပိုင်ရှင် လူတန်းစားကပင်ပိုင်ဆိုင်ရှိနေသည်ကိုတွေ့ရပေသည်။

(၃) စစ်တပ်သည်လည်း နယ်ချဲ့သမားများ၏အကျိုးစီးပွါးကို ကာကွယ်သောစစ်တပ်မျှဖြစ်ပေသည်။

"၁၈၉၂ ခုကာစ၍—အင်ပါယာကြီး၏ စည်းမျဉ်းဝါဒမှာ ဒိုမီနီယံနိုင်ငံတို့သည် မိမိတို့၏ ပြည်တွင်းကာကွယ်မှုများကို ဆောင်ရွက်ကြ၍ ပြည်ပရန်ကို ကာကွယ်ရန်မှု ဗြိတိသျှရေတပ်က တာဝန်ယူရန်ဖြစ်လေသည်။ ရေတပ်၏ ကုန်ကျစရိတ်များကို ဒိုမီနီယံနိုင်ငံများက မျှတ၍ ခံကြရသည်။" (ဒိုမီနီယံအုပ်ချုပ်ရေး။)

အထက်ပါ အပိုဒ်ကို ကြည့်ခြင်းအားဖြင့် ဒိုမီနီယံနိုင်ငံတွင် နယ်ချဲ့သမားများ၏ အကျိုးစီးပွါးများမည်မျှ နက်နဲစွာ

အဖြစ်တွယ်နေသေးသည်ဆိုသော အချက်ကို တွေ့ရသည်၊ နယ်ချဲ့သမားများ၏ အကျိုးစီးပွါးသက်သက်ကို ကာကွယ်သည့် ဗြိတိသျှရေတပ်၏ ကုန်ကျစရိတ်ကိုပင် နိုမိနီယံနိုင်ငံနေ ပြည်သူတို့က ခံကြရသေးသည်။

"အုပ်ချုပ်ရေးအရဆိုလျှင် ဘုရင်မင်းမြတ်သည် အင်ပါယာနိုင်ငံကြီး၌ လက်နက်ကိုင်စစ်တပ်တို့၏ အကြီးအကဲဖြစ်သည်။ ၎င်းအပြင်ထုံးတမ်းစဉ်လာအရ ဘုရင်ခံချုပ်ကြီးသည် မိမိအုပ်ချုပ်ရသည့်နိုမိနီယံနိုင်ငံများရှိလက်နက်ကိုင်စစ်တပ်များ၏ စစ်သေနာပတိချုပ်ကြီးပင် ဖြစ်လေသည်။" (နိုမိနီယံအုပ်ချုပ်ရေး။)

နိုမိနီယံနိုင်ငံများတွင် ပြည်တွင်းပြည်ပ နယ်ချဲ့စစ်တပ်များအား နယ်ချဲ့စနစ်၏ ကိုယ်စားလှယ်များက (ဘုရင်မင်းမြတ်နှင့် ဘုရင်ခံချုပ်ကြီး။) စီမံအုပ်ချုပ်ကာ နယ်ချဲ့သမားများ၏ အကျိုးစီးပွါးကို ကာကွယ်စောင့်ရှောက်နေကြောင်း တွေ့ရပေသည်။

( ၄ ) ပြည်သူတို့၏ အလိုကျ၊ တိုင်းပြည်ကို စီမံအုပ်ချုပ်သွားရန် အရေးရှိကြီးငယ်ဟူသမျှတို့ကို ရွေးကောက်ပွဲကျင်းပ၍ တင်မြှောက်သည့် အချက်ကိုလည်း မတွေ့ရပေ။ ဤသို့မရွေးကောက်ယုံသာမက အရေးရှိများကို ဗြိတိသျှနယ်ချဲ့စနစ်၏ကိုယ်စားလှယ်များကပင် ထင်သလိုရွေးချယ်ခန့်ထားသည်ကို တွေ့ရသည်။

"ကနေဒါပြည် ဘုရင်ခံချုပ်ကြီးကို ဗြိတိသျှအစိုးရက ခန့်အပ်သည် ............ ဘုရင်ခံချုပ်များကို အင်္ဂလိပ် မှူးမျိုး

ပတ်မျိုးတို့မှ ရွေးချယ်သည်။ သူ၏ တာဝန်ဝတ္တရားများမှာ အင်္ဂလန်ပြည်ရှိ ဘုရင်မင်းမြတ်၏ တာဝန်ဝတ္တရားများနှင့် အလားတူပေသည်။

## အာဏာတန်ခိုးများနှင့် အခွင့်အရေး။

(၁) ဥပဒေပြုလွှတ်တော်ကို ဖျက်သိမ်းနိုင်ခွင့်နှင့်ဆင့်ခေါ်နိုင်သည့်အာဏာ။

(၂) ဥပဒေပြုလွှတ်တော်မှပြုလုပ်သောဥပဒေများကို ဘုရင်မင်းမြတ်ကိုယ်စား သဘောတူနိုင်သည့် အခွင့်အရေး။

(၃) ရာထူးခန့်ထားနိုင်သည့် အာဏာများ။(ဒိုမီနီယံ အုပ်ချုပ်ရေး။)

ဤအချက်များကိုထောက်ခြင်းအားဖြင့်နယ်ချဲ့စံနစ်ကိုယ်စားလည်း အရေရှိဆိုးကြီးများ ထင်သလို စိုးမိုးနေသည်ကို တွေ့ရသည် မဟုတ်ပါလော ဤလို အုပ်ချုပ် ရေးမျိုးကို ကိုယ်ပိုင် အုပ်ချုပ်ရေးဟု ခေါ်ဆို ထားခြင်းသည် တိုင်းသူပြည်သားတို့အား စော်ကားရာမရောက်ပါသလော။ ကမ္ဘာကိုလည်း လှည့်စားရာမရောက်ပါသလော။

ဗမာပြည်ကို ဒိုမီနီယံ အုပ်ချုပ်ရေး ရောက်လာပါက ဗမာ့ကံကြမ္မာကို ဘယ်နည်းနှင့်မျှ ဗမာ မပန်တီးနိုင်သေးဘဲ နယ်ချဲ့သမားများက တိုင်းပြည်ရန်သူ ဗမာများအကူအညီဖြင့်သာဆက်လက်၍ ဖန်တီးနေဦးမည်ဆိုသည့်အချက်ကိုတွေ့ရပေသည်။

(၅) ဒိုမိုကရေစီ အခြေခံ အခွင့်အရေးများကို ထူထောင်ထားသည်ကိုလည်း မတွေ့ရကြောင်းကို အောက်ပါအချက်များဖြင့် သိနိုင်ပေသည်။

ဗြိတိသျှပါလီမန်သည် မိမိပိုင်နယ်များအပေါ်၌ အကန့်အသတ်မရှိ တန်ခိုးအာဏာရှိပေသည်။ ဒိုမီနီယံနိုင်ငံများသို့ ပေးအပ်လိုက်သောအုပ်ချုပ်ရေးစည်းမျဉ်းများသည်။ ဗြိတိသျှပါလီမန်အား အမြဲတစေ ချုပ်ချယ်ပိုင်ခွင့်မရှိ။အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေအရဆိုလျှင် ဗြိတိသျှ ပါလီမံသည်။ မိမိသဘောအတိုင်း ပေးအပ်လိုက်သော အုပ်ချုပ်ရေး စည်းမျဉ်းများကိုပါ ပယ်ဖျက်လိုက ပယ်ဖျက်နိုင်ခွင့်ရှိလေသည်။ (ဒိုမီနီယံအုပ်ချုပ်ရေး)

အထက်ဖေါ်ပြပါ အချက်များသည် ဒိုမီနီယံ နိုင်ငံတွင်းနေ၊လူထုများအား ပြောင်ပြောင်ကြီးစော်ကားသောအချက်များဖြစ်ပေသည်။

ဆက်ဦးမည်...... ......။

ဗြိတိသျှ ဘုရင်မင်းမြတ်သည် ၎င်း၏ဝန်ကြီး အဖွဲ့ကထောက်ခံပါက မည်သည့် ဒိုမီနီယံ အက် ဥပဒေကို မဆိုတချက်လွှတ်အမိန့်နှင့် ပယ်ဖျက်နိုင်လေသည်" (ဒိုမီနီယံအုပ်ချုပ်ရေး။)

ဒိုမီနီယံနိုင်ငံများအပေါ်တွင် အုပ်ချုပ်သည့် ဘုရင်မင်းမြတ်နှင့် ဘုရင်ခံချုပ်တို့၏ တန်ခိုးအာဏာသည်၊ ဂျာမဏီပြည်တွင် ဟစ်တလာအသုံးပြုခဲ့သည့်တန်ခိုးအာဏာနှင့်အနှစ်သာရအားဖြင့်မခြားနားပေ။

## ခွဲထွက်ခွင့်အတု။

ဗြိတိသျှနယ်ချဲ့စံနစ်၏ဩဇာမှ မကင်းသည့်အချို့သောဗမာခေါင်းဆောင်များက ဗမာပြည်သာဒိုမီနီယံ အုပ်ချုပ်ရေးရလျှင်၊ လွတ်လပ်ရေးနှင့်အတူတူဘဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဒိုမီနီယံအုပ်ချုပ်ရေးတွင်ပါသော စည်းကမ်းချက်အရဗမာပြည်သည်၊ ဗြိတိသျှအင်ပါယာအတွင်းမှခွဲထွက်နိုင်ခွင့်ရှိသောကြောင့် ဖြစ်သည်ဟုဆင်ခြေပေးနေကြသည်။

တောင်အာဖရိကတိုက် ဒိုမီနီယံနိုင်ငံများမှ စတင်လိုက်သောအရေးဆိုချက်တရပ်မှာ၊ ဒိုမီနီယံ အုပ်ချုပ်ရေးရပြီးသောနိုင်ငံတရပ်သည်၊ ဗြိတိသျှပြည်ထောင်စုနယ်မှခွဲထွက်လိုလျှင်၊ မည်သည့် အချိန်၌မဆို ခွဲထွက် နိုင်ခွင့်ရှိ၍ စစ်မက်အင်္ဂါဖြစ်ပွါးသော အချိန်၌လည်း၊ မည်သည့်ဘက်မှ မပါဝင်ဘဲ၊ ကြားနေနိုင်ငံတရပ်အဖြစ်တည်ရှိရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဒိုမီနီယံအုပ်ချုပ်ရေးရသောနိုင်ငံတို့သည်၊ အချုပ်အချာအာဏာပိုင်နိုင်ငံများဖြစ်ကြသောကြောင့်ဟုအကြောင်းပြဖြေဆိုလေသည်။

ဗြိတိသျှအစိုးရကမူ ၁၉၂၉ ခုနှစ်မှ ၁၉၃၀ ခုနှစ်များတွင်ကျင်းပခဲ့သော အင်ပါယာကွန်ဖရင့်တွင်၊ အထက်ပါပြဿနာကိုဆွေးနွေးရန်လက်မခံလိုပေ။ (ဒိုမီနီယံအုပ်ချုပ်ရေး)။

အထက်ပါရေးသားချက်ကိုကြည့်ခြင်းအားဖြင့် ခွဲထွက်ရေးနှင့်ကြားနေရေးကို၊ ဗြိတိသျှနယ်ချဲ့သမားများက အခွင့်

အရေးအဖြစ် ပေးထားရန်မပြောနှင့်၊ ဤအချက်နှင့်ပါတ် သက်၍ တိုင်ပင်ဆွေးနွေးရန်ပင် မလိုလားကြောင်း ထွေ့ရ သည်။

ဥင်းအဖြင်——

ထိုလူမျိုးတို့သည်၊ (ဒိုမီနီယံနိုင်ငံများကိုဆိုလိုသည်)အဆင့်အတန်းအတူတူ၊ ပြည်တွင်းရေး၌သော်ဥင်း၊ ပြည်ပရေး၌သော်ဥင်း၊ ဆက်သွယ်ဆောင်ရွက်ကြရာ၌ တဦးက တဦးကိုချည်သည့်အချက်တွင်မှ ဩဇာခံရန်မလို။ ဥင်းတို့ အားလုံးပင် အင်္ဂလိပ်ဘုရင်၏ သစ္စာတော်ခံချည်းဖြစ်၍၊ ဗြိတိသျှ ပြည်ထောင်စု နယ်ပယ်၌၊ လွတ်လပ်စွာ ပေါင်းသင်းဆက်သွယ်နေထိုင်သောနိုင်ငံများဖြစ်ကြသည်။ (ဒိုမီနီယံအုပ်ချုပ်ရေး)။

အထက်ပါ ရေးသားချက်ကို ထောက်၍ ဒိုမီနီယံနိုင်ငံများသည်၊ ဗြိတိသျှ နယ်ချဲ့စံနစ်၏ အကြီးဆုံးသော ကိုယ်စားလည်ဖြစ်သည့် အင်္ဂလိပ် ဘုရင်၏ ကျွန်ချည်းသာ ဖြစ်ကြသောကြောင့်။ကျွန်အချင်းချင်းသည်တယောက်ကိုတယောက် ခွက်စောင်းမခုတ်အဲ။ ကျွန်ဘဝတွင် "ပြည်တွင်းရေး၌ဥင်း။ ပြည်ပရေး၌ဥင်း"...... လွတ်လပ်စွာ ပေါင်းသင်း ဆယ်သွယ်နေထိုင် နိုင်ကြပေသည်။

ဆက်ဦးအံ့။

"၁၉၃၄–ခုနှစ်တွင် ထုတ်ပြန်လိုက်သော ဘုရင်မင်းမြတ်အစိုးရ၏ လုပ်ဆောင်မှုနှင့် တံဆိပ်တော် ဥပဒေအရ ...... ...... ထိုသို့ပြည်ထောင်စုနယ်ပယ်မှ ခွဲထွက်လိုပါက ထိ

ရောက်အောင်မြင်စွာ ခွဲထွက်ရန်နှစ်ဦးနှစ်ဘက်သဘောင်ရှုက် ချက်ဖြင့် ခွဲထွက်နိုင်လေသည်။" (ဒိုမီနီယံအုပ်ချုပ်ရေး)

၎င်းအချက်ကို ထောက်၍လည်း၊ ဗြိတိသျှ နယ်ချဲ့စံနစ်၏ သဘော တူညီချက်ကိုမရဘဲ ခွဲထွက်နိုင်ခွင့် မရှိကြောင်း။ ခွဲထွက်နိုင်ခွင့်မှာတကဲ့ဘဝ၌မရှိဘဲ၊စက္ကူပေါ်၌သာရှိသည့် အတုအယောင် ခွဲထွက်နိုင်ခွင့်သာဖြစ်ပေသည်။

အခြားအရေးကြီးသော အချက်တရပ်ကိုလည်း ထည့်၍စဉ်းစားရန်လိုပေသည်-၎င်းသည်ကား။

"ခွဲထွက် နိုင်ခွင့်ရှိစေကာမူ ဒိုမီနီယံအုပ်ချုပ်ရေး ရပြီးသော နိုင်ငံများသည် ယခုအခါ ခွဲထွက်ခြင်း မရှိကြချေ၊အဘယ်ကြောင့်ဆိုသော်၊၎င်းတို့၏လက်ရှိအခြေအနေများသည် ကမ္ဘာကြီးအတွင်း၌ တသီးပုဂ္ဂလ ရပ်တည် နေနိုင်ရန်ခဲ ယဉ်းသောကြောင့်ဖြစ်ပေသည်။" (ဒိုမီနီယံ အုပ်ချုပ်ရေး။)

ငါတို့ကွန်မြူနစ်များ၏အခြေခံထင်မြင်ချက်တရပ်ကား နယ်ချဲ့စံနစ်၏ ချယ်လှယ်မှုကြောင့် လောင်းရိပ်မိနေသကဲ့သို့ ရှိနေသော လက်အောက်ခံ နိုင်ငံများသည် နယ်ချဲ့စံနစ်ကို တွန်းလှန်ဖြိုဖျက်ကာ နယ်ချဲ့စံနစ်မှ လုံးဝခွဲထွက် လာမှသာ လျှင် ထိုလက်အောက်ခံ နိုင်ငံများသည် ချယ်လှယ်မှုတည်းဟူသော လောင်းရိပ်မှ လွတ်ကင်းကာ၊ ကြီးထွား ဖြစ်ပေါ်ခွင့်ရှိမည်ဆိုသော ထင်မြင်ချက် ဖြစ်သည်။ သို့စဉ်လျက်။ လက်အောက်ခံဒိုမီနီယံ နိုင်ငံများသည် "၎င်းတို့၏ လက်ရှိ အခြေ အနေများအရ ကမ္ဘာကြီး အတွင်း၌။ တသီးပုဂ္ဂလ ရပ်တည် နေနိုင်ရန် ခဲယဉ်းသောကြောင့် ဖြစ်လေသည်"

ဆိုသော ဆင်ခြေဖြင့် နယ်ချဲ့စံနစ်၏ လွှမ်းမိုးရေး လက္ခဏာ ချက် အပြည့်အစုံရှိသော ဒိုမီနီယံ နိုင်ငံများသည် ခွဲထွက် ရန် မကြိုးစားဘဲ နေခဲ့ကြလေသည်။ ဤသို့ နေခြင်းသည် အဘယ် အဓိပ္ပါယ် ရပါသနည်း။ တသီးပုဂ္ဂလ တည်နေနိုင် ရန်ခဲယဉ်းသောကြောင့် ဖြစ်လေသည် ဆိုသောစကားသည် မှန်ပါ၏လော့—မှန်ပါလျှင် အဘယ် လူတန်းစား အတွက် မှန်သောအချက်ဖြစ်ပါသနည်း။

ဒိုမီနီယံ နိုင်ငံများတွင်ရှိသည့် စီးပွါးရေး စံနစ်သည် ဘယ်ကဲ့သို့သော စီးပွါးရေးစံနစ်များနည်း။ ထိုစီးပွါးရေးစံ နစ်သည်အဘယ့်ကြောင့် နယ်ချဲ့နိုင်ငံဖြစ်သောအင်္ဂလန်ပြည် ရှိစီးပွါးရေး စံနစ်နှင့်ကင်း၍ မဖြစ်နိုင်ကြသေးသနည်း။

## ပဉ္စမ တပ်။

ငါတို့သည် အိန္ဒိယပြည်နှင့် ဗမာပြည်တို့၏ အခြေအနေ များကိုထောက်ရှု ဆင်ခြင်ကြည့်ခြင်းအားဖြင့် တွေ့ရသော အချက်သည်ကား။နယ်ချဲ့သမားဖြစ်သော လက်ဝါးကြီးအုပ် အရင်းရှင်များသည် မိမိတို့လက်ဝါးကြီးအုပ်ဘဏ်စုနှီးများ ဖြင့် တိုင်းရင်းသားအရင်းရှင်ကလေးများကို နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ သတ်ဖြတ်ချိုးနှိမ်နေကြ၏။ ဗမာပြည်ရှိ ဗမာ နှင့်တရုပ်၊ ကုလား သဘော်ာပိုင်ရှင်ကလေးများသည်။ လက် ဝါးကြီးအုပ်ဖြစ်သော ဧရာဝတီသဘော်ာ ကုမ္ပဏီ၏ ထင်သ လိုဖိနှိပ်ခြင်းကိုခံကြရ၏၊ ဗမာရေနံ တွင်းရိုးတွင်းစားများ သည် လက်ဝါးကြီးအုပ်သမားဖြစ်သော ဘီ–အိုစီ ၏မျက်

နှုသာသာပေးမှုကိုသာ မြော်လင့်နေရ၏။ ဗမာကုန်သည်ပွဲစား ကလေးများနှင့် စက်ပိုင်ရှင်များသည် လက်ဝါးကြီး အုပ်သမားဖြစ်သည့် စတီးကုမ္ပဏီက သနားမှချမ်းသာရာရတော့မလောက်ဖြစ်နေပေ၏။

ထိုတိုင်းရင်းသား အရင်းရှင်များသည် မိမိတို့၏ စီးပွါးရေးအခြေအနေအရ လက်ဝါးကြီး အုပ်သမားနှင့် ပူးပေါင်းကာ သူတို့၏ လက်ဝေကိုခံယူ၍ နောက်လိုက် ဝေစုကိုမျှလည်းယူမည်လော။ သို့တည်းမဟုတ် သူတို့နှင့်တုပြိုင်ကာ အပျက်အစီး ခံကြမည်လော ဆိုသည့်လမ်း နှစ်လမ်းတွင် ကြိုက်ရာလမ်းကိုရွေးကြရတော့မည်။

ပဌမ လမ်းသည်။မိမိတို့၏တိုင်းရင်းသား ဓနရှင်ဘဝကို တည်မြဲစေ၏။ ဒုတိယ လမ်းသည်။ ထိုဘဝကိုဆုံးရှုံးကာ ပစ္စည်းမဲ့ အဖြစ်သို့ရောက်စေ၏။ထို့ကြောင့် တိုင်းရင်းသား ဓနရှင်ကလေးများသည်။ မိမိတို့၏သက်သာ ချောင်ချိသော ဘဝကို မက်မောသည့်အတိုင်း။ပဌမ လမ်းကိုလိုက်မိခါ မိမိတို့၏ လုပ်ငန်းငယ်များကို လက်ဝါးကြီး အုပ်သမားတို့၏လုပ်ငန်းအတွက် အငွယ်အပွါး အထောက်အကူကို ဖြစ်စေ၍။ နောက်လိုက် ဝေစုကိုခံစားနေကြပေသည်။ သို့သော်လည်း လက်ဝါးကြီးအုပ်သမားများသည်။ လက်ဝါးကြီးအုပ်သမား ဒိဝိမိမိတို့တပည့် လက်သားများကိုပင် မညှာတာနိုင်တော့ဘဲ။တိုင်းရင်းသား ဓနရှင်များ၏ စီးပွါးရေးအခွင့်အရေးနယ် အတွင်းသို့ အစဉ်မပြတ်ချိုးဖျက်၍ဝင်နေကြ၏။ သို့ချိုးဖျက်၍ဝင်လာသည်ကို မခံမရပ်နိုင်ဖြစ်လာသောအခါ။ လက်

ဝါးကြီး အရပ်သမားများကို ဆန့်ကျင်သည့် လေသံထွေ၊ လွတ်လပ်ရေးလေသံထွေကို တိုင်းသားဓနရှင်များက ဖွင့်ဟကြရန်၏။ တိုင်းပြည်တွင်း၌ လွတ်လပ်ရေး လုပ်ငန်း၊ သူရဲလုပ်ငန်းများပေါ်ပေါက်နေလျှင်လည်း။ အခြေအနေကို လိုက်၍ မိမိတို့၏ဘဝ တည်မြဲရေးအတွက် ပါဝင်ဆောင်ရွက်တတ်ကြလေသည်။ ထို့ကြောင့် တိုင်းရင်းသား ဓနရှင်များသည်၊ မိမိတို့၏ ဘဝအခြေအနေအရ လက်ဝါးကြီးအုပ်သမားများအပေါ်၌ အားကိုးလိုကြ၏၊ ဆန့်လည်းဆန့်ကျင်လိုကြ၏။ အားကိုးလို့ မရမှသာ ဆန့်ကျင်ကြ၏၊ အားကိုးရလျှင် တိုင်းပြည်၏ လွတ်လပ်ရေးကို ခြေကန်၍။ သခင်အားရ စကားပြောလာ၏။

တိုင်းရင်းသါးဓနရှင်များ၏ဘဝနှင့်ပါတ်သက်သည့်အခြားအချက်တရပ်လည်းရှိသေးသည်၊ သူတို့သည်အခြားလူတန်းစား(ပစ္စည်းမဲ့၊ လယ်သမားနှင့် လုပ်သား လူထုများ)အပေါ်၌ ချယ်လှယ်၍အသက် မွေးတတ်သူများဖြစ်ကြလေရာ။ လက်ဝါးကြီး အုပ်သမားများနှင့် စီးပွါးရေး ခမ်းတွင် ညီတော်နောင်တော်ဖြစ်နေကြ၏။ ထို့ကြောင့် သူတို့သည် ဘဝအခြေအနေအရပစ္စည်းမဲ့များ လယ်သမား၊ လုပ်သား လူထုများနှင့် မနီးစပ်ဘဲ လက်ဝါးကြီး အုပ်သမားများနှင့် သာနီးစပ်ပေသည်။

ထို့ကြောင့်တိုင်းရင်းသားဓနရှင်များ၏ ကိုယ်စားလည်ဖြစ်သောအလိုတော်ရိတို့သည်၊ သူတို့၏ဘဝကြောင့်ယိမ်းယိုင်နေကြ၏။လက်ဝါးကြီးအုပ်သမားများက၊ မခံမရပ်နိုင်

အောင်ဖိနှိပ်လာသောအခါ၊ လွတ်လပ်ရေးလုပ်ငန်းအတွင်း သို့ဝင်လာကြ၏။ သို့ဝင်ရောက်ခြင်းမှာ ချယ်လှယ်ရေးစံနစ်ကိုတိုက်ဖျက်လိုသည်ထက် ချယ်လှယ်ရေးစံနစ်တွင်နောက်လိုက်ဝေရကိုခံစားလို၍ဖြစ်သည်၊ဤသို့လက်ဝါးကြီးအုပ်သမားများက သူတို့အား နောက်လိုက်ဝေရကိုလျှော့ပေးလိုက်သည်နှင့်တပြိုင်နက်။ တဖန်လွတ်လပ်ရေးလုပ်ငန်းကို စွန့်သွားပြန်၏။

ဤသို့အခြေခံ ဘဝတွင် ယိမ်းယိုင်နေသောကြောင့်၊သူတို့၏အလုပ် သူတို့၏ထင်မြင်ချက်- သူတို့၏ဝါဒ၊ သူတို့၏အပြောအဆို အပြုအမူများသည်လည်း မတည်ကြည်၊ ရှေ့နောက် မညီညွတ်ဖြစ်တတ်သည်။ သို့မတည်ကြည်မှု၊ ရှေ့နောက် မညီညွတ်မှုဖြစ်နေသည်မှာလည်း၊ အခြေအနေအလိုက်ဖြစ်တတ်သည်။ နောက်လိုက်ဝေရကို ကျေနပ်လောက်အောင်ရနေလျှင်၊ လွတ်လပ်ရေးစကားကိုမပြောတော့ချေ။ ဝေရအတွက် နှင့်ပါတ်သက်၍မကျေမနပ်လျှင်၊လွတ်လပ်ရေးစကားကို ပြောလာပြန်၏။ (ကာလကဗွားတွင်နေစဉ်က ကိုသိန်းဖေသည်၊ဒေါ်မြန်မစ် အဓိဒင် ချာချီ–စသော နယ်ချဲ့သမားများကိုချီးကြူးခဲ့သော်လည်း၊ဗမာပြည်သို့ပြန်ရောက်လာ၍နယ်ချဲ့စံနစ်ကိုစေ့စပ်ရာ၊ မအောင်မြင်သောအခါတွင်၊နယ်ချဲ့သမားကိုဆန့်ကျင်ဘက်စကား ပြောလာပြန်သည်)။

သူတို့၏ဘဝနှင့်ပါတ်သက်၍အခြားအချက်တရပ်လည်း ရှိနေသေး၏။အခြေခံအားဖြင့်ယိမ်းယိုင်နေသောလူတန်းစားတရပ်ဖြစ်နေလေရာ၊ အားကြီးရာဘက်သို့ ပါတတ်ကြ၏။

လွတ်လပ်ရေးလုပ်ငန်း၊ တော်လှန်ရေးလုပ်ငန်းများ အားတက်နေသည်ကိုတွေ့လျှင်ပါဝင်ဆောင်ရွက်ကြ၍မိမိတို့၏အရေးကိုလွတ်လပ်ရေးနှင့်တွဲ၍ဆိုတတ်၏။လွတ်လပ်ရေးလုပ်ငန်း၊ တော်လှန်ရေးလုပ်ငန်းများ ငြိမ်သွားသောအခါတွင်၊ လက်ဝါးကြီးအုပ်သမားများထံ ခေါင်းညွှတ်၍ဝင်လာကြပြန်၏။ (၁၃၀၀ ပြည့်အရေးတော်ပုံပေါ်စဉ်က၊ ဒေါက်တာဘမော်နှင့်ဦးစောတို့၏အပြုအမူကိုကြည့်လေ) လွတ်လပ်ရေးလုပ်ငန်းတွင်၊ ဟန်မူပါပါ ဝင်ရောက်လုပ်ကိုင်နေရင်း၊ လက်ဝါးကြီးအုပ်သမားများက သူတို့ကိုအနည်းငယ်လျှော့ပေးသည်နှင့်တပြိုင်နက်၊ (ရာထူး) လွတ်လပ်ရေးလုပ်ငန်းကို ဖြတ်ခနဲစွန့်သွားတတ်ကြပြန်သည်။ သူတို့သည်နယ်ချဲ့စံနစ်ကိုဆန့်ကျင်ဘက်ပြုလိုသည့်ထက် လူထုတော်လှန်ရေးကို သာ၍ကြောက်တတ်ပေသည်။ တိုင်းရင်းသား ဓနရှင်များ လွတ်လပ်ရေးလုပ်ငန်းအတွင်းသို့ဝင်လာသောအခါ၊ ပစ္စည်းမဲ့ခေါင်းဆောင်များနှင့် လယ်သမားခေါင်းဆောင်များက၊ သတိကြီးစွာရှိပြီးလျှင် လွတ်လပ်ရေးနှင့်ဆန့်ကျင်သော သူတို့၏ခြေလှမ်းကိုမလှမ်းနိုင်အောင်အကြပ်ကိုင်ထားနိုင်လျှင် လွတ်လပ်ရေးလုပ်ငန်းကို သစ္စာဖေါက် သွားနိုင်လောက်သောနေရာနှင့်အခွင့်ကိုမပေးဘဲတားမြစ်ထားနိုင်လျှင်၊ သူတို့ဝင်လာသောကြောင့် လွတ်လပ်ရေးလုပ်ငန်းသည်အားတက်လာစရာအကြောင်းရှိပေသည်။ပစ္စည်းမဲ့ခေါင်းဆောင်များနှင့်လယ်သမားခေါင်းဆောင်များသည် အထက်ဖေါ်ပြပါသူတို့၏အခြေခံဘာဝဖြင့်၊ သူတို့ကိုအကဲမဖြတ်ဘဲ၊ သူတို့

၏ပြောပုံဆိုပုံ တို့ဖြင့် အယုံကြီးယုံကာ၊ လွတ်လပ်ရေးလုပ်ငန်းကိုသူတို့၏ခေါင်းဆောင်မှုအောက်သို့ထိုး၍ အပ်မိပါက၊ သူတို့လွတ်လပ်ရေးလုပ်ငန်းအတွင်းသို့ ဝင်လာခြင်းကြောင့်၊ ကုသိုလ်တပဲသားရေတပိဿာဖြစ်သွားနိုင်စရာအကြောင်း ရှိပေသည်၊) တိုင်းရင်းသား ဓနရှင်ပေါက်စ ပညာတတ်လူတန်းစား၏ကိုယ်စားလှယ်များဖြစ်သော သခင်သန်းထွန်းနှင့်ကိုသိန်းဖေတို့အား၊ ပါတီတွင် ကြီးကိုင်နိုင်သောနေရာကိုပေးခဲ့မိသောကြောင့်၊ ပါတီအရေးနှင့် လွတ်လပ်ရေးလုပ်ငန်းတွင်အကျိုးနဲဖြစ်ခဲ့ရလေပြီ)။ သူတို့သည် အလုပ်သမား၊ လယ်သမားများနှင့် လုပ်သားလူထုများအပေါ်ချယ်လှယ်၍၊ အသက်မွေးသူများဖြစ်ကြသည်။ သို့သော်လည်းသူတို့ချည်းသက်သက်မချယ်လှယ်နိုင်၊ အင်အားကြီးသောနယ်ချဲ့စံနစ်၏ အကူအညီ နယ်ချဲ့စံနစ်၏နောက်လိုက်အဖြစ် တိုင်းပြည်ကိုချယ်လှယ်ရန်လုံးလပြုကြသည်။

ထို့ကြောင့်သာ "ဒိုမီနီယံအုပ်ချုပ်ရေးတွင်၊ ဒိုမီနီယံနိုင်ငံများသည်၊ ရင်းတို့၏လက်ရှိအခြေအနေအရ၊ ကမ္ဘာကြီးအတွင်း၌တသီးပုဂ္ဂလ ရပ်တည်နိုင်ရန် ခဲယဉ်းသောကြောင့်ဖြစ်သည်" ဟုရေးသားထားပေသည်။

ဘဝသည်အသိကိုဖန်တည်းသည်၊ စီးပွားရေးဘဝတွင် နယ်ချဲ့စံနစ်နှင့်မကင်းနိုင်သောတိုင်းရင်းသားဓနရှင်များသည် ဝါဒခန်းတွင်လည်း နယ်ချဲ့စံနစ်၏ဩဇာနှင့် မကင်းနိုင်ပေ။ ထို့ကြောင့်နိုင်ငံရေးလုပ်ငန်းတွင်လည်းအလိုတော်ရိဝါဒကို၊ မလွှဲသာဘဲဖြန့်ရတော့သည်။

လွတ်လပ်ရေးလုပ်ငန်းတွင် နယ်ချဲ့စံနစ်၏ ကြီးမားသောဖြစ်သောအလိုတော်ရိပါဒကို ဖွင့်မိုးစေခြင်းသည်၊အရှောင်သမားဝါဒမည်ပေသည်။

"၎င်းတို့၏လက်ရှိအခြေအနေအရ ကမ္ဘာကြီးအတွင်း၌ တသီးပုဂ္ဂလရပ်တည်နိုင်ရန်ခဲယဉ်းသောကြောင့်ဖြစ်သည်" ဟုဒိုမိနီယံနိုင်ငံများအတွက်ဆိုထားခြင်းသည် ပြည်သူတို့နှင့်သက်ဆိုင်သောရေးသားချက်မဟုတ်ဘဲ၊ နိုင်ငံခြားနယ်ချဲ့သမားနှင့်ပူးပေါင်းကာ ပြည်သူအများအားစံနစ်တကျသွေးစုပ်နေသည့် တိုင်းရင်းသား အလိုတော်ရိ သဗ္ဗာဖေါက်များသာတသီးပုဂ္ဂလရပ်တည်နိုင်ရန် ခဲသဉ်းသည်ဟု ဆိုလိုပေသည်။

တိုင်းရင်းသားဂနှရှင်များ၏ အထက်ပါလက္ခဏာချက်များကိုအနုစိတ်၍ အဖန်တလဲလဲလေ့လာထားရန် လိုပေသည်။

ထို့ကြောင့် တိုင်းရင်းသား အလိုတော်ရိဂနှရှင်များ၏ လွတ်လပ်ရေးနှင့်ပါတ်သက်သောထင်မြင်ချက်နှင့်အလုပ်သမားများ၊လယ်သမားများနှင့်လုပ်သားလူထုတို့၏ လွတ်လပ်ရေးနှင့်ပါတ်သက်သော ထင်မြင်ချက်တို့ အဘူတဘူမဖြစ်နိုင်ကြချေ။

တိုင်းရင်းသား အလိုတော်ရိဂနှရှင်များ မျှော်မှန်းသောလွတ်လပ်ရေးသည်၊ နယ်ချဲ့ စံနစ်မပျက်စီးဘဲ၊ နယ်ချဲ့စံနစ်အရ၊ ချယ်လှယ်သောစီးပွါးရေးတွင်၊ နောက်လိုက်ဖြစ်ရေးကို

သူတို့ တိုးတက် ခံစားခွင့်ရှိနေသော လွတ်လပ်ရေးမျိုးဖြစ်သည်။

အလုပ်သမား- လယ်ယာတောင်သူနှင့် လုပ်သားလူထုများမြော်မှန်းသော လွတ်လပ်ရေးမှာမူကား၊ နယ်ချဲ့စံနစ်ကို လုံးဝတိုက်ဖျက်ခြင်း၊မြေပိုင်ရှင်စံနစ်ကို လုံးဝသုတ်သင်ခြင်း၊ အလုပ်သမား လယ်သမားနှင့်လုပ်သားလူထုများ၏ စီးပွါးရေးအရ။နယ်ချဲ့စံနစ်၏ အချုပ်အချယ်မရှိဘဲ၊ လွတ်လပ်နေခြင်း စသည်တို့ပေါ်တွင် အခြေခံသော လွတ်လပ်ရေးဖြစ်သည်။

## လွတ်လပ်ရေး— ၂-မျိုး။

တနည်းအားဖြင့်ဆိုရလျှင်။ တိုင်းရင်းသား ဓနရှင်တို့၏ မြော်မှန်းရာ။လွတ်လပ်ရေးသည်ဒိုမီနီယံ အုပ်ချုပ်ရေးဖြစ်၍ အလုပ်သမား လယ်သမားနှင့်လုပ်သား လူထုများ၏မြော်မှန်းရာ လွတ်လပ်ရေးသည်။ ဒီမိုကရေစီသစ်၊ သမတနိုင်ငံထူထောင်ရေးဖြစ်ပေသည်၊ ထို့ကြောင့် တိုင်းရင်းသား ဓနရှင်များ၏၊ဘဝအခြေအနေကြောင့် သူတို့၏ လွတ်လပ်ရေးလုပ်ငန်း၊သူတို့၏အဆုံးသတ် ရည်ညွှန်းချက်သည်။ ဒိုမီနီယံအုပ်ချုပ်ရေး ဖြစ်ပေသည်။ အချုပ်ကိုဆိုရလျှင် ဒိုမီနီယံအုပ်ချုပ်ရေးသည်။ နယ်ချဲ့သမားများနှင့် တိုင်းသား ဓနရှင်များ ပူးပေါင်းကာ ပြည်သူတို့အား။ သည်ထက်သည် စံနစ်ကျစွာချယ်လှယ် အုပ်စိုးသည့်စံနစ်။ ကျွန်သက်ကို ရှည်စေသည့်စံနစ်မျှသာဖြစ်ပေသည်။

ထို့ကြောင့်တိုင်းရင်းသားဂနရှင်များ၏လွတ်လပ်ရေးဖြစ်သော ဒိုမီနီယံအုပ်ချုပ်ရေးနှင့်အလုပ်သမား၊ လယ်သမား လုပ်သားလူထုတို့ပါဝင်ရော၊ပြည်သူတို့၏ လွတ်လပ်ရေးဖြစ်သော ဒီမိုကရေစီသစ်၊ သမတနိုင်ငံတို့ဘယ်လိုခြားနားသည်ကိုနှိုင်းယှဉ်ဘို့လိုပေသည်။

ဒီမိုကရေစီသစ် သမတနိုင်ငံတွင် ကုန်လုပ်ငန်းကြီးများနှင့် လယ်မြေယာကြီးများကို တမျိုးလုံးပိုင်ပစ္စည်းအဖြစ်၊အစိုးရက သိမ်းယူ အသုံးပြုနေသောကြောင့်။နယ်ချဲ့စံနစ်၏ စီးပွါးရေးအမြစ် မတွယ်နိုင်တော့ချေ။

ဒိုမီနီယံ နိုင်ငံတွင် ကုန်လုပ်ငန်း ကြီးများနှင့် လယ်မြေယာကြီးများကို။နယ်ချဲ့သမားများနှင့် လယ်ပိုင်ရှင်ကြီးများ ပိုင်နေသေးသောကြောင့် နယ်ချဲ့စံ နစ်သည်၊တည်မြဲလျက် ရှိနေသေးသည်။

ဒီမိုကရေစီသစ် သမတနိုင်ငံတွင် အလုပ်သမားများ- လယ်သမားများနှင့် လုပ်သား-လူထုများသည်။ မိမိတို့၏ သေရေး-ရှင်ရေးများဖြစ်သည့်။ ကုန်လုပ်ငန်းကြီးများနှင့်။ လယ်မြေယာကြီးများကို ပိုင်နေကြသောကြောင့်။စီးပွါးရေးအရ။ကျွန်သားပေါက်များ မဟုတ်ကြတော့ဘဲ လွတ်လပ်သော လူတန်းစားများ ဖြစ်လာကြလေပြီ။

ဒိုမီနီယံ နိုင်ငံ၌အလုပ်သမား-လယ်သမားနှင့်။ လုပ်သား-လူထုများသည်။နယ်ချဲ့သမားများ-တိုင်းရင်းသား ဓနရှင်များနှင့် လယ်ပိုင်ရှင်ကြီးများ ပူးပေါင်းထားသည့် စီးပွါးရေးစံနစ်။ လက်အောက်တွင် အချယ်လှယ်ခံများ ဖြစ်ကြပေသည်။

ဒီမိုကရေစီသစ်–သမတ နိုင်ငံတွင်။ ပြည်သူတို့၏ အကျိုးစီးပွါးကို ကာကွယ်သည့်။ တိုင်းရင်းသား တပ်မတော် (ပြည်သူ့တပ်မတော်) ရှိပေသည်။

ဒိုမီနီယံ နိုင်ငံ၌မူ နယ်ချဲ့စံနစ်၏ အကျိုး-စီးပွါးကို ကာကွယ်သော နယ်ချဲ့စစ်တပ်များရှိသေးသည်။

ဒိုမိုကရေစီသစ်- သမတနိုင်ငံတွင်။ တရားစီရင်ရေးဌာန-ပုလိပ်ဌာန စစ်ဌာနနှင့် အုပ်ချုပ်ရေး ဌာနများ၌ ပြည်သူတို့အလိုကျ ရွေးကောက် တင်မြှောက်ထားသည့် တကဲ့ပြည်သူ့ ကိုယ်စားလှယ်များကို ခန့်ထား သည်။

ဒိုမီနီယံ အုပ်ချုပ်ရေး၌ မူကား "ဘုရင် မင်းမြတ်"က သို့မဟုတ် "ဘုရင်ခံချုပ်ကြီး"က မူးမျိုးမတ်မျိုးတည်းမှ လူများကို အထက်မှနေ၍ ခန့်ထားသည်။

အခြားအချက်လည်း ရှိသေးသည်။ လန်ဒန်မြို့တွင်ရှိသော ပရီဗီ ကောင်စီသည် ဗြိတိသျှအင်ပါယာအတွင်း၌။တရားစီရင်ရာရုံးချုပ်ကြီးဖြစ် ပေသည်။ထိုရုံးသည်နယ်ချဲ့သမားများက တိုင်းရင်းသားမနေရှင်များအား ချိုးနှိမ်ဘိနှိပ်ပေးသည့်ရုံးဖြစ်ပေသည်။ ထိုရုံးသည်လူမျိုးအလိုက် မျက်နှာ သာပို၍ပေးထားသည့်ပြင်။ အကုန်အကျစရိတ် အပိုခံနိုင် သူတို့အတွက်၊ တရားနိုင်ရန် ဌာနကြီးတရပ်ဖြစ်ပေသည်။ နယ်ချဲ့သမားများက တိုင်းရင်း သား မနေရှင်များအား။ပရီဗီကောင်စီနှင့် ကိုင်ပေါက်ထားသောကြောင့် မလှုပ်နိုင်ကြပေ။

"ဒိုမီနီယံနိုင်ငံတရားရုံးတော်မှစီရင်ချက်ကိုပရီဗီကောင် စီသို့အယူခံဝင်ရောက်ရေးနှင့်ပါတ်သက်၍၊ ဝက်စ်မင်စတာ စတက်စ်ကြိုးဥပဒေတွင်၊ လန်ဒန်မြို့ရှိ ပရီဗီကောင်စီ၏ တရားဘက်ဆိုင်ရာ ကော်မတီသို့ အယူခံလွှာများပို့ရသည့် စံနစ်ကိုပါယ်ဖျက်ခြင်းမပြု"(ဒိုမီနီယံအုပ်ချုပ်ရေး)။

ဩစတြေးလီးယား၊ ကနေဒါအစရှိသည့် ဒိုမီနီယံနိုင်ငံ များသည်၊ ဗြိတိသျှနယ်ချဲ့စံနစ်၏ အလိုတော်ရိသက်သက် ဖြစ်နေ၏။နယ်ချဲ့စစ်ပွဲဖြစ်တိုင်းလည်းမိမိတို့သည်၊ ဗြိတိသျှ နောက်မြီးဆွဲကာလိုက်၍တိုက်နေကြရ၏။အခြားလက်အောက် ခံတိုင်းပြည်များနှင့်စာသော်၊ လွတ်လပ်ရေးလုပ်ငန်းသည်

အတော်ပင်အေးနေ၍။ ပြည်သူလူထုများသည် ကျွန်ဘဝတွင်ခပ်အေးအေးညိမ်ခံနေကြသလိုဖြစ်၍။ကျွန်သက်ကိုရှည်စေရန်စံနစ်တကျအုပ်ချုပ်ထား၍။ ဒိုမီနီယံအန္တရာယ်သာ ဗမာပြည်သို့ ဆိုက်ရောက်လာပါက၊ ဗမာပြည်ကျွန်သက် အလွန်ရှည်သွားသွားနိုင်စရာအကြောင်းရှိသည်။

ထို့ကြောင့်သာမိုလိုတော့ဗ်က ဒိုမီနီယံနိုင်ငံများသည်၊ လွတ်လပ်သော နိုင်ငံများမဟုတ်ကြောင်းဖြင့် ကန့်ကွက်ခဲ့သည်။

မိုလိုတော့ဗ်ကဤသို့ပြောလိုက်ခြင်းသည်၊ ကိုလိုနီနိုင်ငံများနေဗြိတိသျှနယ်ချဲ့စံနစ်၏ ပရိယာယ်ကျော့ကွင်းအတွင်းမှမလွတ်ကင်းနိုင်ကြသေးသော လက်ျာအချောင်သမားများကိုလည်း၊မျက်နှာကိုလက်ဝါးနှင့်ရိုက်လိုက်သလိုရှိချေသည်။

## ကျွန်သက်ရှည်မည်။

ဒိုမီနီယံ အန္တရာယ်သည် ဗမာပြည်သို့ အဘယ်အခြေအနေမျိုးတွင် ဆိုက်ရောက် လာမည်နည်း။

(၁) ဗမာပြည်၏လူများစုဖြစ်သော အလုပ်သမားများ—လယ်ယာတောင်သူများ၊နှင့် လုပ်သားလူထုများသည် စည်းလုံးညီညွတ်ခြင်းမရှိဘဲ၊ အင်အား ပျက်နေသောအခြေအနေ။

(၂) ဗြိတိသျှ နယ်ချဲ့စံနစ်၏ အလိုတော်ရိများဖြစ်သော ဗမာ ထိုင်းရင်းသား၊ မြေရှင်များနှင့် လယ်ပိုင်ရှင်များသည်၊ အချောင်သမားသဘောတရားကို လက်ကိုင်ပြု၍၊ဗြိတိသျှ နယ်ချဲ့သမားများနှင့် ပူးပေါင်းကာ ဗမာပြည်သူ လူထုများအား၊ အတားအဆီးမရှိဘဲ၊ လွတ်လပ်စွာ ချယ်လှယ်နိုင်နေသည့်အခြေအနေ၊

(၃) လူထုအစည်းအရုံးများနှင့်တော်လှန်ရေးပါတီများ၏အင်အားပျက်နေသောကြောင့် မနေရှင်နှင့် လယ်ပိုင်ရှင်ပါတီများ ဩဇာလွှမ်းမိုးကာ နိုင်ငံရေး၌လည်း၊သူတို့ပင် ခေါင်းဆောင်နိုင်နေသော အခြေအနေ။

(၄) ကွန်မြူနစ် ပါတီကလည်း၊ လူထုများအား မှန်သောလမ်းစဉ်အတိုင်းမညွှန်ကြားနိုင်သောအခြေအနေ။

(၅) သို့သော်လည်း၊ လူထုများ၏ အလိုလိုနိုးကြား ထကြွလာမှုကြောင့်၊ဗြိတိသျှ နယ်ချဲ့စနစ်က လျှော့မပေးဘဲ မနေရတော့သည့်အခြေအနေ။

(၆) တိုင်းရင်းသား မနေရှင်နှင့် လယ်ပိုင်ရှင်တို့ ပူးပေါင်း၍ ပြည်သူလူထုများ၏ ထကြွမှုကိုဖြိမ်းလုပ်ကာ နယ်ချဲ့သမားတို့နှင့် ဘယ့်လိုကြံစီလိမ့်မည်ဆိုသောအချက်ကို ကွန်မြူနစ်ပါတီက ပြည့်သူ လူထုကြီးအားကြိုတင် သတိမပေးနိုင်အောင် သတိလစ်နေသည့်အခြေအနေ။ [ဂျပန်ပြေး၍ ဗြိတိသျှ ဝင်စဉ်က၊ ဤအတိုင်းဖြစ်ခဲ့ပြီ။]

(၇) ဗမာ့လွတ်လပ်ရေး အင်အားစုသည် တိုက်ပွဲကိုပြတ်သားစွာ မဆောင်နိုင်သေးသည့်အခြေအနေ။

(၈) ကွန်မြူနစ် ပါတီ၊ အခြား တော်လှန်ရေး ပါတီနှင့်၊ လူထုအစည်းအရုံးများထည်းတွင်၊ကွန်မြူနစ်အမည်ကိုခံ၍၎င်း၊ အခြားတော်လှန်ရေးအမည်ကိုခံ၍၎င်း၊ရုပ်ဖျက်ခါဝင်ရောက်နေသည့် ဗြိတိသျှ အလိုတော်ရိ လက်ျာအချောင်သမားများကို ထိုပါတီများနှင့် လူထုအစည်းအရုံးများထည်းမှ ပယ်ထုတ်ခြင်းငှါမစွမ်းနိုင်လောက်အောင် လွတ်လပ်ရေးလုပ်ငန်း၏အင်အားနည်းနေသည်အခြေအနေ။

စသည့်ဖေါ်ပြပါ အခြေအနေများ ပူးပေါင်းပေါ်ပေါက်လာလျှင်၊ဗမာတိုင်းရင်းသားမနေရှင်များနှင့် နယ်ချဲ့သမားများစီးလားရိုက်ကာ၊ ဗမာ့ကျွန်သက်ကိုရှည်စေမည့် ဒိုမီနီယံအုပ်ချုပ်ရေးကို၊ ဗမာပြည်အား အတင်းပေးအပ်နှင်းလိမ့်မည်။

"အဆိုစီစစ်ရေးကော်မီတီတွင်ဦးဘဖေကာဒိုမီနီယံအုပ်ချုပ်ရေးသည်၊ တကဲ့လွတ်လပ်သော အုပ်ချုပ်ရေးဖြစ်ပေသည်။အဘယ်ကြောင့်ဆိုသော်ပရီဗီကောင်စီသို့အယူခံဝင်သောစံနစ်ကိုဖြုတ်လိုက်ပြီ။ ၎င်းပြင် ဒိုမီနီယံရပြီးသားနိုင်ငံတရပ်သည် ခွဲထွက်ခွင့်လည်းရှိသည်ဟု ဆင်ခြေပေးသည်။ ခွေးအင်္ဂါ- လက္ခဏာပေါင်း အများအပြား ရှိသည့်အနက်၊ အင်္ဂါလက္ခဏာနှစ်ရပ်ကိုဖြုတ်လိုက်ရုံနှင့် ခွေးသည်ခွေးအဖြစ်မှရပ်ဆိုင်းသွားမည် မဟုတ်ချေ။ခွေးကိုအမြီးဖြတ်ရုံနှင့်လူဖြစ်မလာချေ။နားရွက်ဖြတ်ရုံနှင့်လည်းခွေးပင် ဖြစ်လျက်ရှိသေးသည် ထို့ကြောင့်အင်္ဂလိပ်အလိုတော်ရိများနှင့်ဒိုမီနီယံကောင်ကြီးများက နောက်တခါ တရားစဉ်ပေါ်မှနေ၍ကျွန်တော်အမြီးဖြတ်ပြီးပါပြီဆိုသျှင်လည်း မယုံလေနှင့်၊ ကျွန်တော် နားရွက်ဖြတ်ပြီး ပါပြီဆိုသျှင်လည်း နားမယောင်လေနှင့်" (ပြည်သူ့အာဏာ အမှတ် ၁၉ မှကောက်နုတ်ချက်။)

## အခန်း ၃-နိဂုံး။
## အနိုင်မခံ-အရှုံးမပေး။

ဗမာ့ကျွန်သက်ကိုရှည်စေသောဒိုမီနီယံအုပ်ချုပ်ရေးကိုပယ်ရှားပြီးသျှင်၊ ဗမာပြည်သူလူများစု၏ အလိုနှင့်လည်းကိုက်ညီ၊ဗမာ့ကံကြမ္မာကို ဗမာသာဖန်တီးရမည်ဆိုသောအချက်အတိုင်းလည်းဖြစ်သည့် ဒီမိုကရေစီသစ်သမတနိုင်ငံကိုရအောင် ဘယ်အခြေအနေမျိုးနှင့် ဆောင်ယူ နိုင်မည်နည်း။

(၁) ဗမာပြည်၏ လူများစု လူထုဖြစ်သော အလုပ်သမားများ၊ လယ်သမားများနှင့် လုပ်သားလူထုများသည်။ ကွန်မြူနစ် ပါတီ၏ခေါင်းဆောင်မှုဖြင့် မိမိတို့၏နေ့စဉ်ခံစားနေရသော ဒုက္ခနစ်နာချက်များ ပပျောက်စေရန်နှင့် မိမိတို့၏အခွင့်အရေးများ တိုးတက်ရရှိစေရန် လူထုအစည်းအရုံးများနှင့် တိုက်ခိုက်အောင်မြင်နေသော အခြေအနေ၊

(၂) သို့အောင်မြင်စွာ တိုက်ခိုက်ရင်း စည်းလုံးညီညွတ်မှုနှင့် နိုင်ငံရေးအတွေ့အကြုံ များကိုလည်း၊ လုံးလောက်စွာ တိုးတက်ရရှိနေသည့် အခြေအနေ။

(၃) ကျောင်းသားများ—ပညာတတ်များ- လူငယ်များနှင့် အမျိုးသမီး အစည်းအရုံးများ သည်လည်း။ လွန်စွာအင်အား တိုးတက်ကာ အလုပ်သမားများနှင့် လယ်သမားများနည်းတူ။နိုင်ငံရေး လုပ်ငန်းတွင် ရင်ဘောင်တန်း၍ တက်နေ့သည့် အခြေအနေ။

(၄) လူထု အစည်း အရုံးများ၏ အင်အား တိုးတက် နေသောကြောင့်။မြို့နေဒီမိုကရေစီ-အင်အားစုများဖြစ်သော လူလပ်အောက်တန်းစားများ။ ကုန်သေးအလုပ်များကို လုပ်ကိုင် နေသောသူများနှင့်။ လုပ်သားလူထုများကလည်း။ နယ်ချဲ့စံနစ် တိုက်ဖျက်ရေးကို အားပေးလာသည်အခြေအနေ။

(၅) လူထုတိုက်ပွဲ အပြင်းအထန် ဆင်နွှဲနေသောကြောင့်။ အချို့သော တိုင်းရင်းသား ဓနရှင် နိုင်ငံရေး ခေါင်းဆောင်များသည်။ မိမိတို့၏ ယိမ်းယိုင်မှုကြောင့် ပြည်သူ လူထုများ၏ ယုံကြည်ကိုးစားခွင့်ကို စွန့်လွှတ်လိုက်ရသောအခြေအနေ။

(၆) ဗမာပြည်တွင်း၊ လူတန်းစားတိုက်ပွဲ ပြင်းထန် လာသောကြောင့်။ လယ်ပိုင်ရှင်များသည် မလွဲသာတော့ဘဲနယ်ချဲ့ သမားများနှင့် ပြောင်ပူးပေါင်းကာ လွတ်လပ်ရေးလုပ်ငန်းကို အနှောင့်အယှက်ပေးလာသည့် အခြေအနေ။

(၇) တိုင်းရင်းသား ဓနရှင်နှင် လယ်ပိုင်ရှင် ပါတီများ၏ ဩဇာ

လည်းကျဆုံး။ ခေါင်းဆောင်မှုကိုလည်း လက်လွှတ်နေရသည့် အခြေအနေ။

(၈) ကွန်မြူနစ်ပါတီကလည်း၊ လူထုအစည်းအရုံးများနှင့်တိုးတက်သော နိုင်ငံရေးပါတီများ အားလုံးကို စုစည်းစေကာ၊ နယ်ချဲ့စံနစ်တိုက်ဖျက်သည့် အင်အားစု တခုတည်းအဖြစ်သို့ ပူးပေါင်း ပေးနိုင်သည့် အခြေအနေ။

(၉) တိုင်းရင်းသား မြေရှင်နှင့် လယ်ပိုင်ရှင် ပါတီများ နိုင်ငံရေးတွင်၊ နယ်ချဲ့သမားများနှင့် ပူးပေါင်းကာ မည်ကဲ့သို့ ကလိန် ကျမည်ဆိုသောအချက်ကိုလည်း၊ ကွန်မြူနစ်ပါတီက ကြိုတင်၍ သတိပေးနိုင်သော အခြေအနေ။

(၁၀) စည်းလုံး တိုက်ခိုက် ရေးများ အဘက်ဘက်တွင် အင်အား တောင့်တင်းနေသောကြောင့်၎င်း၊ တိုင်းရင်းသား အလိုတော်ရိများနှင့် နယ်ချဲ့သမားများက မည်သည့်နည်းနှင့်မျှ အင်အားပျက်အောင် မလုပ်နိုင်သောကြောင့်၎င်း၊ လွတ်လပ်ရေးတိုက်ပွဲကို ပြတ်ပြတ်သားသားကြီး အနိုင်ရအောင် ဆင်နွှဲနိုင်သည့် အခြေအနေ။

(၁၁) ဗမာပြည်တွင်းရေး အင်အားကောင်းသည်နှင့်မျှ၊ ကမ္ဘာ့ဒီမိုကရေစီ အင်အားစုများကလည်း၊ ဗမာ့လွတ်လပ်ရေး လုပ်ငန်းကို ထောက်ခံနေသည့် အခြေအနေ။

စသည့်အထက်ဖော်ပြပါ အခြေအနေများ အစုံအညီ ဗမာပြည်တွင်ဆိုက်ရောက်လာလျှင်၊ ဗမာ့ကျွန်သက်ကိုရှည်စေမည့်ဒိုမီနီယံ အုပ်ချုပ်ရေးသည်၊ ဗမာပြည်အနားသို့ပင် မသီနိုင်ချေ။ ဗမာပြည်သူတို့၏အလိုကျဖြစ်သောဒီမိုကရေစီ သစ်သမတနိုင်ငံကို ထူထောင်နိုင်လောက်အောင်ဗမာ့လွတ်လပ်ရေးလုပ်ငန်းကြီးသည်လည်း၊ အင်အားလုံလောက်စွာ တောင့်တင်းခိုင်မာနေပြီဟု ယူဆနိုင်ပေသည်။ ထိုအခါတွင် ဗမာပြည်ပရန်သူဖြစ်သော နယ်ချဲ့စံနစ်ကိုလည်း တွန်းလှန်

ပြီးဖျက်ပြီးဖြစ်ချိမ့်မည်။ ပြည်တွင်း ရန်သူဖြစ်သည့် ဗမာ့ပေါက်ပြန်ရေးလူတန်းစားများကိုလည်း အနိုင်ရပြီးဖြစ်လိမ့်မည်။

ထို့ကြောင့်ဒိုမိနီယံအဆင့်ရာယ်ကိုကာကွယ်နိုင်ရန်နှင့် ဒီမိုကရေစီသစ်သမတနိုင်ငံ ထူထောင်နိုင်ရန် ဆင်နွှဲရမည့် ပြင်းထန်သည့်တိုက်ပွဲများသည် ဗမာပြည်၏ရှေ့ရေးအလားအလာတွင်စောင့်ဆိုင်းနေကြပေသည်။

ကွန်မြူနစ်ပါတီ (ဗမာပြည်)၏ လက်ရှိကြီးလေးသောတာဝန်ဝတ္တရားသည်။ အထက်ဖေါ်ပြပါဒိုမိနီယံအုပ်ချုပ်ရေးကိုပယ်ဖျက်နိုင်သည့် အခြေအနေများကို ဖန်တီးရန်နှင့်ဒီမိုကရေစီသစ်သမတနိုင်ငံကိုရအောင် တိုက်ယူနိုင်စွမ်းရှိသည့် အင်အားကြီးသောလူထုအစည်းအရုံးများကို ဖန်တီးရန်ဖြစ်ပေသည်။ အလုပ်သမား လယ်ယာတောင်သူ ပညာတတ်-မြို့ရှင်ပေါက်စ စသည့်လူတန်းစားတို့ မိတ်ဖွဲ့ ပါဝင်ရာ နယ်ချဲ့စံနစ်တိုက်ဖျက်ရေးအတွက် ဖြင်ဆင်ထားသည့်ကျယ်ဝန်းသောသူမျိုးရေး တပ်မတော်ကြီးတရပ်ကို ဖန်တီးရန်ဖြစ်၏။

## ဒိုမိနီယံဝိုချင်း။

ဗမာပြည်ကွန်မြူနစ်ပါတီအမည်ခံအချောင်သမားပါတီကလယခုအခါဒိုမိနီယံနှင့်ပါတ်သက်၍ဘာယ်လိုသဘောထားသနည်း ဆိုသည့်အချက်ကို (၂၃-၃-၄၆)တော်လှန်ရေးနေ့အတွက်အထူးထုတ်သော ၁"ပြည်သူ့အာဏာဂျာနယ်" ကို

ကြည့်ဦးလော့၊ ထိုစာစောင်မှ အောက်ပါကိုကောက်နုတ်ဖော်ပြလိုက်သည်။

ဗမာပြည်နှင့်စေ့စပ်ရေး......

ဗြိတိသျှတို့သည်ဗမာပြည်နှင့်စေ့စပ်ရေးကို ဂရုမစိုက် (ဖ–ဆ–ပ–လ)ကကိုလပ်သိုက်ယ်စားလည်ဖွတ်ရန်ကြိုးစားသည်ကိုပင်အရေးမယူ၊ ဂရုမစိုက်အကြောင်းမှာ—

(၁) ဗမာပြည်ရှိတိုင်းရင်း အရင်းရှင်၊ မြေရှင်တို့သည်၊ အင်အားမရှိ၊ နယ်ချဲ့သမားက သူတို့နှင့်အလျှော့ပေး၍စေ့စပ်သည့်တိုင် နယ်ချဲ့သမားကို ကြီးမားသောအ ထောက်အကူမဖြစ်နိုင် ...... ...............................................။

(၂) ဗမာပြည်၏လွတ်လပ်ရေး အင်အားစုသည် တက်ကြွမှုအဟုန် ပြင်းထန်သော်လည်း။ ခိုင်မြဲမှုနည်းသေးသည်။ ညီညွတ်ရေးအန္တရာယ်များ တချပြီးတချပေါ်နေသေးသည် (ညီညွတ်ရေး အန္တရာယ်ခိုရာ၌ ဒိုမိနီယံ ညီညွတ်ရေးအန္တရာယ်ကိုဆိုလိုသည်-သခင်စိုး။)

ထို့ကြောင့်လည်း နယ်ချဲ့သမားတို့သည်၊ ဗမာပြည်နှင့်စေ့စပ်ရန် မရည်ရွယ်ယုံမက လွတ်လပ်ရေး လုပ်ငန်းကိုတိုက်စစ်ဆင်စပြုနေလေပြီ ......

"ဤသို့နယ်ချဲ့သမားသည်။ လွတ်လပ်ရေး အင်အားစုကိုတိုက်စစ်ပြုနေခိုက်။ ကျွန်ုပ်တို့ပါတီကို သခင်စိုးသည်။ ဇွတ်ဒရွတ်ထိုး ကွဲကြောင်းကြီခဲ့ပြီ" (စာမျက်နှာ ၂ တွင် ကော်နှင့်ကပ်၍ ဖုက်ထားသည်ကိုခွါ၍ ကောက်နုတ်ချက်။)

စာရေးသူ ကိုသိန်းဖေ အလိုအရ "ဗမာပြည်နှင့်စေ့စပ်

ရေး” “ဘိလပ်သို့ကိုယ်စားလည် လွှတ်ရေး” တို့သည်။ လွတ်လပ်ရေးဖြစ်သည်။ တကယ်အမှန်အားဖြင့်“ဘိလပ်သို့ ကိုယ်စားလည် လွှတ်ကာ” “ဗမာပြည်နှင့် စေ့စပ်ရေး” လုပ်ခြင်းသည်။ ဒိုမိနီယံ ဖြစ်ကြောင်း ဘယ်သူမျှ မညင်း နိုင်ပေ။

ဘိလပ်သို့ ကိုယ်စားလည်လွှတ်ကာ သွားရောက်စေ စပ်ခြင်းသည်။လွတ်လပ်ရေးအတွက်လူထုကိုမယုံအင်္ဂလိပ် နယ်ချဲ့သမားကြီးများကိုသာယုံသည်ဟုပြောခြင်း။ လူထုကို စော်ကားခြင်းသာ ဖြစ်ပေသည်။

(၁) “ဗမာပြည်ရှိ တိုင်းရင်းသား အရင်းရှင်၊ မြေရှင် တို့သည် အင်အားမရှိ၊နယ်ချဲ့သမားက သူတို့နှင့်လျှော့ပေး၍ စေ့စပ်သည့်တိုင်။နယ်ချဲ့သမားကို ကြီးမားသောအထောက် အကူမဖြစ်နိုင်”ဟု ဆိုထားသည်ကိုလည်းကြည့်ဦးလော့။

လျှော့ပေးလျှင် ဗမာပြည်အတွက်မည်မျှ အန္တရာယ်ကြီး မည်ကို ဤစာအုပ်အခန်း ၂ ကိုကြည့်လေ။{သခင်စိုး။}

စာရေးသူ၏အလိုအရ ဘိလပ်သို့ ကိုယ်စားလည်လွှတ် ခြင်းသည်။တိုင်းရင်းသား အရင်းရှင်၊ မြေရှင်းတို့နှင့် စေ့စပ် ခြင်းဖြစ်သည်ဟုဆိုလိုပေသည်။

“နယ်ချဲ့သမားက သူတို့နှင့်အလျှော့ပေး စေ့စပ်သည့် တိုင်။နယ်ချဲ့သမားကို ကြီးမားသော အထောက်အကူမဖြစ် နိုင်”ဟုဆိုလိုက်ခြင်းသည် တိုင်းရင်းသား အရင်းရှင်၊မြေရှင် တို့က ဗြိတိသျှအလိုတော်ရိ လုပ်နေခြင်းကို ကာကွယ်ပေး လိုက်ခြင်း ဖြစ်ပေသည်။

(၃) "ဗမာပြည် လွတ်လပ်ရေးအင်အားရသည် တက်ကြွမှုအဟုန် ပြင်းထန်သော်လည်း၊ ခိုင်မြဲမှုနည်းသေးသည်။ ညီညွတ်ရေးအန္တရာယ်များ။တချပြီးတခုပေါ်နေသေးသည်" ဟုဆိုရာ၌ တတိုင်းပြည်လုံး တက်ကြွ၊မားမား ဖြစ်နေသည့်။ တော်လှန်ရေး အင်အားရကို ဘန်းပြ၍ ဗြိတိသျှနှင့် စေ့စပ်ခါ။ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့၏ လွတ်လင်ရေးဖြစ်သော ဒိုမိနီယံကို တောင်းရာတွင် အားလုံး ညီညွတ်ရမည့် အစား သခင်စိုးက၊ ကမောက်ကမ ဝင်လုပ်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။သခင်စိုးသည်။ ဗမာ့ဒိုမိနီယံ တပ်ဦးနှစ်ယောက်ဖြစ်သော ကိုသိန်းဖေနှင့် သခင့်သန်းထွန်းတို့ကို သံဆူးခက်နှင့်ရိုက်နှက်ခဲ့ပြီ။တိုင်းပြည်တွင်နောက်လိုက်မရှိသောကြောင့် သူတို့နှစ်ယောက်လော့က်၊အန္တရာယ်မပြုနိုင်သော ဦးဘဖေကိုလည်း။ ဒိုမိနီယံနှင့် ပတ်သက်၍ လိပ်ကျောက်မြ®းနှင့် ရိုက်နှက်ခဲ့လေပြီ။ တိလပ်သို့ ကိုယ်စားလည် လွှတ်ရေးကိုလည်း၊ထိရောက်စွာ တားမြစ်ပိတ်ပင်ခဲ့လေပြီ။

"ဤသို့ နယ်ချဲ့သမားတွေ လွှတ်လပ်ရေး အင်အားရကို တိုက်စစ်ပြုနေခိုက် ကျွန်ုပ်တို့ပါတီကို သခင်စိုးသည် ဖွတ်တရွတ်ထိုး ကွဲကြောင်းကြံခဲ့ပြီ" ဟု ဆိုရာ၌ ဒိုမိနီယံရရေးအတွက်။တော်လှန်ရေးအင်အားရကို အချောင်သမား၊ကိုသိန်းဖေနှင့်သခင်သန်းထွန်းတို့က လက်ဝါးကြီးအုပ်ကာ။ဘိလပ်နှင့်စေ့စပ်ရန်ကြံနေသည်ကို သခင်စိုးက ခဲလေသမျှသဲရေကျဖြစ်အောင် ဝင်လုပ်သွားခြင်းကြောင့်။ ငြီးညူနေခြင်း ဖြစ်ပေသည်။

တော်လှန်ရေး အင်အားစုကို ဒိုမိနီယံသို့ ရောက်အောင် ပဲ့ကိုင် ပေးနေသော အချောင် သမားများ၏ တောင်ပန် အောက်မှ ထိုတော်လှန်ရေး အင်အားစုများကို သခင်စိုး သည်။ဆွဲထုတ်ကာ တကဲ့လွတ်လပ်ရေးဖြစ်သော ဒီမိုကရေစီသစ်၊သမတနိုင်ငံသို့ရောက်အောင် ခေါ်ဆောင်ရန် လုံးလ ပြုသည် အမှန်ဖြစ်၏ဟုဝန်ခံရမည်။

အချုပ်ကိုဆိုရလျှင်းအထက်ပါ ဆောင်းပါးကိုရေးသော ကိုသိန်းဖေသည် ဘိလပ်ကိုသွား၍ ဗြိတိသျှနှင့် မစေ့စပ် ရသောကြောင့် ငိုနေ၏။ တိုင်းသား အရင်းရှင်၊ မြေရှင်တို့က ဗြိတိသျှနှင့်ပေါင်းကာတိုင်းပြည်၏ကျွန်သက်ကိုရှည်အောင် လုပ်နေ သည့်အချက်ကို။ ကာကွယ်ပေးနေ၏။တော်လှန်ရေး အင်အားစုဖြင့် ဘန်းပြကာ ဗြိတိသျှထံ အောက်ကြို့၍ ဒိုမိနီယံ တောင်းနေသည်ကို သခင်စိုးကဝင် ရောက်နှောက်ယှက် လေခြင်းဟုရန်ညိုးဖွဲ့နေ၏။

သခင်စိုးသည်၊ ဒိုမိနီယံကိစ္စနှင့်ပါတ်သက်၍။ ဦးဘဖေ အားတိုက်ခြင်းသည်။ ဒိုမိနီယံ ကျွန်မြုနစ် သခင်သန်းထွန်း နှင့်ကိုသိန်းဖေတို့ကို တိုက်ခြင်းဖြစ်သည်။

ဒိုမိနီယံမည်သော ဘိလပ်သို့ ကိုယ်စားလှယ် လွှတ် ရေးကို၊သခင်စိုးက ထိရောက်စွာတားမြစ်ပိတ်ပင်လိုက်ခြင်း သည်။ သွားရည်တများများ ဖြစ်နေသော သခင်သန်းထွန်း နှင့် ကိုသိန်းဖေတို့၏ နှပ်သီးကို ရိုက်ချိုး လိုက်ခြင်းဖြစ် ပေသည်။

ဤသို့သခင်စိုးက အချောင်သမားအလိုတော်ရိများအား

ဘယ်ပြန်ညာပြန်ရိုက်နှက်သောကြောင့်၊ သခင်ဗဟိန်း၊ ကိုသိန်းဖေ၊ သခင်သန်းထွန်းအမှူးရှိသော အချောင်သမားများသည်၊ ပြာပြာသလဲဖြစ်ကာ၊ သခင်စိုးအားနှုတ်ပိတ်အဖြစ်ဗမာပြည် အလုပ်သမား သမဂ္ဂဥက္ကဋ္ဌ "ရာထူး" ကိုခန့်၍လပ်ထိုးကြ၏။အချောင်သမားအင်္ဂလိပ်အလိုတော်ရိများနှင့်စေ့စပ်၍မရကောင်းသော သခင်စိုးသည်၊ ဖေဖော်ဝါရီလတွင်ကျင်းပသည့်ဗဟိုရ်ကော်မီတီအစည်းအဝေးတွင်လိပ်ကျောက်မြီးကိုလွှတ်ကာသံဆူးခက်ဖြင့်၊ ဒိုမီနီယံဇာတ်ခင်းသူများကိုဆက်၍ရိုက်ပြန်၏။

ထို့ကြောင့် အချောင်သမားများ ကြီးစိုးသော ဒိုမီနီယံကွန်မြူနစ်ပါတီမှ သခင်စိုးထုတ်ပါယ်ခံရသည်မှာ အံ့သြစရာလော ......။

ဒိုမီနီယံကွန်မြူနစ်ပါတီက တလ ၄၅၀ ထောက်မထားခြင်းခံရသည့် ကြေးစားအလုပ်အမှုဆောင် အဖွဲ့ဝင်များလွှမ်းမိုးရာဗမာပြည် အလုပ်သမား သမဂ္ဂမှလပ်ထိုး၍လည်းမငြိမ်သော သခင်စိုးကို ထုတ်ပါယ် လိုက်သည်မှာလည်း အံ့သြစရာလော......။

ဗမာနိုင်ငံလုံးဆိုင်ရာ ဗဟိုတောင်သူလယ်သမား သမဂ္ဂဟုနာမည်တတ်ထားသောလယ်ပိုင်ရှင်သမဂ္ဂမှ ကွန်မြူနစ်ပါတီ(ဗမာပြည်)ဝင်မစောမြအား ထုတ်ပါယ်လိုက်သည်မှာလည်း အံ့သြစရာလော.......။

ထို့ကြောင့် ပစ္စည်းမဲ့ကိုမြင်ရုံနှင့် ဒေါသပုန် ထလောက်ရှိသောအချောင်သမားအလိုတော်ရိဒိုမီနီယံ ကွန်မြူနစ်များမှ

ကောင်းစင်သော ပစ္စည်းမဲ့ပါတီဖြစ်သည့် ကွန်မြူနစ်ပါတီ (ဗမာပြည်)ကိုအသစ်တဖန်ပြန်လည် ထူထောင်ရသည်မှာ လည်း၊အံ့ဩစရာလော ......။

## ပါတီဝင်များနှင့်တိုင်းသူပြည်သားတို့........

ဖေဖေါ်ဝါရီ ဗဟိုရုံကော်မီတီ အစည်းအဝေးလုပ်နေ စဉ်တွင် အချောင်သမား နောက်လိုက် ဗဟိုရုံကော်မီတီဝင် ၁၇ ဦးတို့က၊ သခင်သန်းထွန်းနှင့် ကိုသိန်းဖေ တို့ဟာ မကောင်းဘူးဆိုတာသိပါတယ်။ အသုံးမကျဘူးဆိုတာ သိ ပါတယ်။ အချောင်သမားတွေဆိုတာသိပါတယ်။ နောင်မှား သည်နှင့်တပြိုင်နက်၊ ချက်ခြင်းဖြုတ်ချမည်ဟု ပြောဘူးကြ သည်။ သို့သော် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့သည်၊ အထပ်ထပ်အလီလီမှားပြန်လေပြီ။

(၁) လယ်သမားကိုယ်စားလည်ကွန်မြူနစ်ပါတီဝင် ရဲဘော်ထွန်းဝင်းနှင့်မောင်ဟန်တို့ကို ရိုက်နှက်ခဲ့သောလယ် ပိုင်ရှင်ဦးချမ်းနှင့် လက်ကွဲလျက်နေကြလေပြီ၊ ဦးချမ်းကိုအ ရေးယူပါမည်ဟုပြောပြီး၊ ဥက္ကဋ္ဌအဖြစ် ပြန်ခန့်ထားသည်။ လယ်ပိုင်ရှင်များကို အနိုင်မခံ၊ အရှုံးမပေးတိုက်နေသည်။ ကွန်မြူနစ်ပါတီ(ဗမာပြည်)ဝင် မစောမြကိုမူ တောင်သူ လယ်သမားသမဂ္ဂ ဗဟိုရုံ အမှုဆောင်အဖွဲ့မှ ထုတ်ပယ် လိုက်ချေပြီ၊

(၂) မတ်လ ၂၇ ရက်တော်လှန်ရေးနေ့က "သူပုန်ထ သည်ဆိုခြင်းမှာအောက်ကလူများကအပေါ်ကလူများကိုထ

ချခြင်းဖြစ်သဖြင့်။အောက်ကျနောက်ကျ ရှိလှကြောင်း။ ဒါကြောင့်အင်္ဂလိပ်ကိုသူဟန်တော့မထဘူး။ ရင်ဘောင်တန်းစစ်ကျေညာသင့်က ကျေညာမည်ဖြစ်ကြောင်းဟု”ဟုသခင်သန်းထွန်းသည်လူထုကိုစော်ကားပြီး၊လူထုကိုအထင်သေးသောစကားများကိုပြောခဲ့လေပြီ၊‘‘စစ်ကျေညာသင့်ကကျေညာမည်” ဆိုသောစကားသည်။ သူဂျပန်ဝန်ကြီးချုပ်ဖြစ်စဉ်က ဂျပန်နှင့်ပေါင်း၍အင်္ဂလိပ် အမေရိကံတို့အားနယ်ချဲ့နည်းအရစစ်ကျေညာခြင်းကိုဆိုလိုပေသည်။

(၃) တော်လှန်ရေးနေ့ထုတ် ပြည်သူ့အာဏာဂျာနယ်တွင် ဦးညာဏရေး တော်လှန်ရေးဆောင်းပါးကို ထည့်ခဲ့လေပြီ။

(၄) ၎င်းဂျာနယ်တွင်ပင် ဖ ဆ ပ လ မှ ဘိလပ်သို့ကိုယ်စားလှယ်လွှတ်ကာ ဒိုမီနီယံတောင်းသည်ကိုဝေဖန်လိုက်တားသည်။

(၅) ၁၀-၃-၄၆ ထုတ်ပြည်သူ့အာဏာတွင်သခင်စိုးနှင့်မိတ်ဖြစ်ဆွေဖြစ် ဗဟုသုတအဖြစ်ပင်မဆက်ဆံရဟု သံမဏိစည်းကမ်းခေါ်သောပုလိပ်ဗုဒ်မနှင့်တားမြစ်ထားသည်။

(၆) ဂျာနယ်ကျော်ဦးချစ်မောင်အား ချိုးကြူးရမည့်အစား အရိုးမပေါ်ခင် ကလော်ဆဲကာ သူ့ကိုယ်သူမှုကိုရည်သွေးထားသော ဆောင်းပါးကို အော့နှလုံးနာစရာကောင်းအောင်အချောင်သမားပီပီရေးသားထားလေပြီ။(၆ ၄ ၄၆ ထုတ်ပြည်သူ့အာဏာ)

(၇) ဗြိတိသျှကွန်မြူနစ်အမည်ခံ အချောင်သမားအလို တော်ရိများနှင့်လက်တွဲနေသည်မှာလည်း လူတိုင်းအသိပင် ဖြစ်သည်။

အထက်ပါအချက်များကိုထောက်၍ ဗဟိုရ်ကော်မတီ ၁၇ဦးသည်၊မသိနားမလည်၍ အချောင်သမားနောက်သို့နား ယောင်ကာ လိုက်နေသည်မဟုတ်ဘဲ၊ သူတို့ကိုယ်တိုင်မှင် တမင်လာလုပ်နေသော အချောင်သမားများဖြစ်နေသည်ဆို သောအချက်မှာလည်းအံ့သြစရာလော......။

အလံနီ အလုပ်သမားသမဂ္ဂနှင့် အလံနီလယ်သမား သမဂ္ဂ ထူ ထောင်ခြင်းသည်။အင်္ဂလိပ်အလိုတော်ရိများ၏သြဇာအောက်မှ အလုပ်သမားနှင့် လယ်သမားများကို ကယ်တင်လိုက်ခြင်းဖြစ်ပေ သည်။တကဲ့ညီညွတ်ရေး-တော်လှန်သော ညီညွတ်ရေးကို ဖန်တီး လိုက်ခြင်းမည်ပေသည်။ ဒိုမီနီယံအန္တရာယ်ကိုဖယ်ရှားလိုက်ခြင်း မည်ပေသည်။

ဗဟိုရ်ကော်မတီ။

ကွန်မြူနစ်ပါတီ (ဗမာပြည်။)